

မိန်းမသုံး လက်ကိုင်ပဝါ
( ဝတ္ထုတိုများ )
မောင်ကျော်သာ (ပဲခူး)

# ဂဂ်ါမြစ်ဘေးက ငါးတစ်ကောင်

"ငါးမျှားဖူးတဲ့ လူ တစ်ယောက် က ငါးတစ်ကောင်မိတဲ့ အရသာကို သိနိုင်တယ်ကွ"

ထိုစကားကို ပြောဖူးသူမှာ သူ့အဖေ ဖြစ်ပါသည်။ သို့သော် ထိုနေ့က အဖေဟာ ငါးတစ်ကောင်းမဟုတ်ဘဲ ငွေထုပ် တစ်ထုပ်ကိုစားပွဲပေါ်သို့ ပစ်ပေါက်ချလိုက်သည်။ ငွေထုပ်တစ်ခုဟာ ငါးတစ်ကောင်မဟုတ်ဘဲ ဘာကြောင့် ငါးတစ်ကောင်မိတဲ့အရသာဆိုသည့် စကားအဖေပြောခဲ့တာလည်း သူမသိခဲ့ပါ။ ထိုတုန်းက အမေဟာ အဖေ့ရဲ့ ငါးတစ်ကောင် ဂရုမစိုက်ဘဲ အရက်သောက်လာသည့် အဖေ့ကိုသာ မျက်စောင်းထိုးခါ အိမ်ထဲသိုကဝင် သွားခဲ့ပါသည်။

အဖေဟာ အရက်သောက်တာကလွဲပြီး သားသမီးတွေ ကို ချစ်တက်သူ ဖြစ်သည်။ အမေ ကတော့ ကျန်တာတွေ ကို အားလုံးကောင်းပြီး အဖေအရက်သောက်တာကို အမုန်းဆုံး ဖြစ်ခဲ့သည်။ အမေ့ရဲ့ အကြောင်း ပြချက်က အဖေ့ရဲ့ အဖေကော၊ အမေ့ရဲ့ အဖေကော သူ့အဘိုးနှစ် ယောက် စလုံး အရက်ကြောင့် လောကကြီးက စောစောစီးစီးထွက်ခွာသွားခဲ့ဖူးကြောင်း၊ ဒါကြောင့် မိသားစုနှင့် သက်တမ်းစေ့နေနိုင်ဖို့ အရက်သောက်တာကို သူလုံဝခွင့်မလွှတ်နိုင်ကြောင်း ဆိုခဲ့ပါသည်။

အဖေ ကတော့ "မိန်းမဆိုတာ သူတို့က ယောကျ်ားဘဝကိုရမှ ယောကျ်ားတွေ ဘာကြောင့် အရက် သောက်တယ်ဆိုတာ နားလည်နိုင်မှာ ကွ၊ ငါတို့ဟာ တစ်ခါတစ်ခါ အရက်သောက်ချင်လို့ သောက်တာမဟုတ်ဘဲ အရက်သောက်ရင်းနဲ့ မိသားစုအတွက် တိုက်ပွဲဝင်နေရတာ ၊ ကြာတော့လည်း အရက်ဆိုတဲ့ ကျည်ဆံတွေ က အသည်းကို ဆန်ခါပေါက် ဖြစ်၊ တိုက်ပွဲမှာ ကျ၊ ဒါတောင် သူရဲကောင်းဘွဲ့မရပါဘူးကွာ"ဟု ဆို၏ ။ ဘာပဲ ဖြစ် ဖြစ် အမေမုန်းထားသလိုပဲ အဖေဟာ အရက်ကြောင့် တိုက်ပွဲမှာ စောစီးစွာ ကျဆုံးခဲ့ပါသည်။ အမေ ကတော့ အဖေ့ရဲ့ ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်တဲ့ သူတို့မောင်နှမလေးယောက် ကို အမေ့လှည်းအိုကြီးပေါ်တင်ရင်း ဘဝကို တရွေ့ရွေ့

ဖြတ်သန်းလာခဲ့သည်။ သူဟာလည်း အမေ့ရဲ့ လှည်းအိုကြီးပေါ်မှာ အဖေ့ရဲ့ ငါးတစ်ကောင်အကြောင်း စဉ်းစားရင်း ဘဝကို အေးစက်လေးကန်စွာ ကြီးပြင်လာခဲ့သည်။

မြစ်ဖက်ကို သူရောက်တော့ ငါးမျှားတဲ့ လူအတော် များများ ကို သူတွေ့လိုက်ရ၏ ။သူကလည်း ဝါးကိုင်း ငါးမျှားတံလေး ကိုကိုင်ရင်းမြစ်ကမ်းပါးမှာ ထိုင်ချလိုက်သည်။

သူထိုင်လိုက်တဲ့နေရာဟာ ငါးကြီးငါးကောင်းရှိမရှိပြောဖို့ ကတော့ မသေချာပါဘူး။ ဘာပဲ ဖြစ် ဖြစ် သူရွေး ချယ်ပြီးသားနေရာမှာ တော့ သူ့ငါးမျှားတံကို အသုံးချရမည် ဖြစ်ကြောင်း သူကောင်းကောင်း သဘောပေါက် သည်။

သူဟာ ငါးမျှားကြိုး ကို းမြစ်ထဲသိုကပစ်ချပြီး ငါးမျှားချိတ်မှာ လာဟတ်မည့် ငါးတစ်ကောင်ကို စောင့်နေ မိသည်။

သူငါးမျှားကြိုး ပစ်ချပုံကိုကြည့်ပြီး သူနှင့် မလှမ်းမကမ်းမှလူက သူ့ကို နှာခေါင်းရှုံ့၏ ။ သူဂရုမစိုက်ပါ။ အရေး ကြီးဆုံးက သူဖော့ကို မြုပ်အောင်ဆွဲချသွားမည့် ငါးတစ်ကောင်လာဖို့ပဲ အရေး ကြီးပါသည်။

တက်နိုင်မည် ဆိုက သူ့ငါးမျှားချိတ်မှာ သူတစ်တခိုးချစ်နေသည့် မိန်းမ တစ်ယောက် လာဟပ်စေချင်သည်။ သည်လိုသာဆိုရင်တော့ ဒီမိန်းမကို ငါးမျှားချိတ်ကဖြုတ်ခါ သူ့ရဲ့ အခန်းကျဉ်းလေးမှခေါ်ပြီး ထားနိုင်သည်။ ဒါမှ မဟုတ်လည်း သူမုန်းတဲ့ လူ တစ်ယောက် ဟာ ငါး ဖြစ်ပြီး ငါးမျှားချိတ်မှာ လာဟပ်လျှင်တော့ ဒီးငါးကို ငရုပ်သီး စပ်စပ်နှင့် ချက်စားနိုင်၏ ။

ဒါမှမဟုတ်လည်း သူ့ငါးမျှားချိတ်မှာ မာစီးဒီးကားတစ်စီး ဖြစ် ဖြစ်၊ လုံးချင်းတိုက်တစ်လုံး ဖြစ် ဖြစ်၊ နိုင်ငံခြားက အလုပ်ခန့်စာတစ်စောင် ဖြစ် ဖြစ်၊ ဒေါ်လာတစ်သန်းတန် ကျောက်စိမ်းတစ်တုံး ဖြစ် ဖြစ် လာဟပ်လျှင် ပိုကောင်း နိုင်သည်။

နယူးတန်ဟာ ပန်းသီးတစ်လုံးပြုတ်ကျခြင်းကြောင်းသာ ကမ္ဘာ့ဆွဲအားနှင့် ပတ်သက်သည့်နိယာမကို စဉ်းစားမိတာ ဖြစ်ပြီး ဒေါ်လာသန်းနှစ် ထောင်တန် စိန်တစ်လုံးပြု တ်ကျပါက သူဟာ သူဌေး တစ်ယောက် ပဲ ဖြစ်လာ နိုင်သည်။ ဒါမှမဟုတ် အုန်းသီးတစ်လုံး ခေါင်းပေါ်ပြုတ်ကျလျှင်တော့ သက်ရောက်မှု တိုင်းဟာ တန်ပြန် သက်ရောက်မှု

ရှိသည်ဆိုသော အဆိုကို တမလွန်ရောက်မှပင် စဉ်းစားနိုင်တော့မည် ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် သူ့ငါးမျှားချိတ်မှာ လာဟပ်မည့် ငါးတစ်ကောင်ဟာ တိုက်တန်းနစ်သင်္ဘောလည်း ဖြစ်နိုင်၏ ။ မက်ကင်းနားရွှေကြောကြီးလည်း ဖြစ်နိုင်၏ ။ အာဂျုံ င်းစိန်သိုက်လည်း ဖြစ်နိုင်၏ ။ အနည်းဆုံး ထရိတ်ဒါးဟိုတယ် လည်း ဖြစ်နိုင်၏ ။

" ဘာငါးတစ်ကောင်ရပြီးပြီလဲ"

သူ့နောက်မှရောက်လာသည့် လူ တစ်ယောက် က သူဘေးမှာ လာရပ်ရင်း သူ့ကို မေးလိုက်ခြင်း ဖြစ်၏ ။ ထိုလူက သူ့ဟာသူမျှားမှမမျှားဘဲ သူမျှား ကိုလာပြီးစပ်စုနေသည့်အတွက် ထိုလူ့ကို သူအတော် ချဉ်သွားသည်။

"ကူဗလေခန်ကို ကျုပ်မိပြီးပြီ"

ထိုလူက သူ့စကားကိုနားမလည်နိုင်ပဲ"ငါးထဲမှာ ကူဗလေခန်းငါးဆိုတာ တစ်ခါးမှမကြားဖူးပါဘူး" ဟုဆိုကာ သူ့နားမှထွက်ခွါသွားသည်။

သည့်နောက်မှာ တော့ မြစ်ထဲမှာ ငါးမျှားဖို့ လူတွေ ထပ်ရောက်လာကြ၏ ။ တချို့ က ကတော့နဲ့ ၊ တချို့ က ပဲ့ထောင်တွေ နဲ့ တချို့ က နိုင်ငံခြားငါးမျှားတံ့တွေ နဲ့ ၊ တချို့ ပြည်တွင် ဖြစ် ငါးမျှားတံတွေ နဲ့ ၊ ငါးစာတွေ ကလည်း အမျိုး မျိုး ၊ တချို့ က တီကောင်တွေ ၊ တစ်ချို့ က ပိုးဟပ်တွေ ၊ တချို့ က ပုရစ်တွေ ၊ တချို့ က ကြွက်တွေ ၊ တချို့ က အက်ဖ်အီးစီငွေ၊ တချို့ နိုင်ငံခြား ဖြစ် ပိုက်ဆံတွေ ။

" ဒီလောက်လူတွေ များ မှတော့ ဒီမြစ်ထဲမှာ ငါးတွေ ကျန်ပါဦးမလား"

သူနှင့် မလှမ်းမကမ်းမှာ ရှိသည့် စောစောက သူ့ကို နှာခေါင်းရှုံ့သော လူက သူ့ကို လှမ်းမေးလိုက်သည်။ သူက ထိုလူမေးသည်ကို မကြားချင်ယောင်ဆောင်ပြီး သူ့ငါးမျှားကြိုး မှ ဖော့ဆီကိုသာ လှမ်းကြည့်နေသည်။

ငါးတစ်ကောင်ဟာ ဘေးတိုက်ဆွဲသွားမှာ လား၊ တည့်တည့်ပဲ စွပ်ကနဲမြုပ်အောင် ဆွဲသွားမှာ လား၊ အကောင်ကြီးကြီးလား၊ အကောင်သေးသေးလား၊ ငါးခုံးမပဲ ဖြစ်မလား၊

ငါးတန်တစ်ကောင်ပဲ ဖြစ်မလား၊ ငါးမျှားချိတ်မှာ လာဟပ်ဖို့ပဲလိုအပ်၏ ။

ဟဲလ်မင်းဝေး ကတော့ ငါးအကြီးကြီးတစ်ကောင်ကို ပိုင်ဆိုင်ပြီးမှ၊ ငါးအကြီးကြီးတစ်ကောင်ကို လက်လွှတ် ဆုံးရှုံးလိုက်ရသည်။ ကံကြမ္မာဆိုတာ မျက်လှည့်ဆရာဟုဆိုလျှင် ဒီမျက်လှည့်ဆရာဟာ ဟဲလ်မင်းဝေး ရဲ့ ငါးကြီးကို ခိုးသွားတဲ့သူခိုးပဲပေါ့။

မကြာမီ သူနှင့် ခပ်လှမ်းလှမ်းကလူ တစ်ယောက် ငါးတစ်ကောင်မိသွား၏ ။ ထိုသူ၏ အော်သံကြောင့် ထိုလူမိ သွားသော ငါးကြီးကို သူလှမ်းကြည့်လိုက်မိ၏ ။ ၏

ထိုလူမိသွားသော ငါးကြီးက ရောမငါးကြီးတစ်ကောင် ဖြစ်နေသည်။

ရှင်းရှင်းပြောရလျှင် ထိုလူကို ရင်ထဲကမနာလိုစိတ်တွေ တဖွာဖွား ဖြစ်လာသည်။ ဒါပေမယ့် သူ့ငါးမျှားချိတ်မှာ လာဟပ်မည့် ငါးကလည်း ထိုလူ့ငါးထက်မကြီးနိုင်ဟု ဘယ်သူပြောနိုင်ပါမည် နည်း။

ငါးမျှားကြိုး ကဖော့တံဟာ ရေထဲမှာ ထောင်ပြီး ငြိမ်ငြိမ်ကလေးရပ်နေ၏ ။ နေကလည်း တဖြည်းဖြည်း တက်လာ၏ ။ တောက်လောင်မြိုက်နေသည်။ ဦးနှောက်တွေ ဆူပွက်လာအောင် ခံစားနေရသည့်ကြားက“ ငါးမျှားဖူးတဲ့လူ တစ်ယောက် သာ ငါးတစ်ကောင်မိဖူးတဲ့အရသာကို သိနိုင်တယ်ကွ” ဆိုသည့် အဖေ့စကား ကိုကြားယောင်ရင်း မြစ်ကမ်းဘေးမှာ ဇွဲကောင်းကောင်းနှင့် သူထိုင်နေမိသည်။

အရိပ်ကိုလိုချင်ရင် နေပူက စောင့်ရမယ်ဆိုတဲ့ စကားကို ဘယ်သူပြောသွားမှန်းမသိပေမယ့် နေပူထဲမှာ စောင့်လာလိုက်တာ အရိပ်ရတဲ့အချိန်လည်းကျရော မြစ်ကမ်းပါးတလျှောက်လုံးလည်း နေဝင်နေရောဆိုတာသာ သူ့သိခဲ့ရသည်။

တစ်နေ့လုံးမျှားလာလိုက်တဲ့ငါးတစ်ကောင်ဟာ နေဝင်တဲ့အထိ မရလာတော့မှ သူဟာ အဖေပြောတဲ့ ငါးတစ်ကောင်အကြောင်းကို ပိုသိလာခဲ့၏ ။

“ငါးတစ်ကောင်တောင်မှမရခဲ့တဲ့ဝေဒနာကို ငါးမျှားဖူးတဲ့ လူမှသိနိုင်မယ်ကွ” ဟု အဖေဘာကြောင့် မပြောခဲ့ပါသလဲ။

မြစ်ကမ်းပါးမှာ လူတွေ က သူ့ကို အလျှိုလျှိုဖြတ်ကျော်သွားကြသည်။ သူတို့ရဲ့ ပလိုင်းထဲမှာ လည်းထည့် ထားလိုက်တာ ငါးတွေ ကိုယ်စီနှင့် ။

တချို့ က အခွင့်အလမ်းဆိုတဲ့ငါးတွေ ၊ တချို့ က အခွင့်အရေး ဆိုတဲ့ငါးတွေ ၊ တချို့ က ရပိုင်ခွင့်ငါးတွေ ၊ တချို့ က ကံတရားတွေ ၊အရက်အကောင်းစားတွေ ၊ စလောင်းတီဗွီတွေ ၊ ဂေါ့ဖ်ကွင်းတွေ ၊ နိုပ်ကလပ်တွေ ၊ လုံခြုံမှု အသေးစာတွေ ...၊ ငါးတွေ ဟာ အများ ကြီးမှ အများ ကြီး။

ဒီမြစ်ထဲမှာ ငါးတွေ အများ ကြီးရှိတာတောင် သူ ကတော့ ဘာကြောင့် များ ငါးတစ်ကောင်မှ မရခဲ့တာပါလိမ့်။ လူတွေ ရှင်းသွားသည့်တိုင် မြစ်ကမ်းပါးမှာ ဖွဲကောင်းကောင်းနှင့် သူထိုင်စောင့်နေပေမယ့် သူ့ငါးမျှားတံကို ငါးတစ်ကောင်မှ လာမဟပ်ခဲ့။

နေဝင်ချိန်မှာ တော့ နောက်ဆုံးအလင်းရောင် နှင့် အတူ သူ့ငါးမျှားတံကို မြစ်ထဲမှ ပြန်လည်ရုပ် သိမ်းလိုက် တော့သည်။ ထိုအချိန်မှာ ပဲ သူရဲ့ ငါးမျှားမကျွမ်းကျင်ပုံကို သူသိသွားခဲ့တော၏ ။

သူဟာ ငါးမျှားချိတ်မှာ ငါးစာတပ်ဖို့ ဘာ့ကြောင့် များ မေ့သွားခဲ့ပါလိမ့်။

နောက်ဆုံးတစ်နေ့နံနက်မှာ တော့ ငါးမျှားချိတ်တန်းလန်းနှင့် သေဆုံးနေသော လူ တစ်ယောက် အလောင်း ကို မြစ်ကမ်းနံဘေးမှာ လူတွေ က တွေ့ရှိခဲ့ကြသည်ဟုဆို၏ ။

ချယ်ရီမဂ္ဂဇင်း (၁၉၉၈)

# ကမ္ဘာမြေ၏ ဂုဏ်သိက္ခာ

(ကွမ်းတံတွေ းတွေ နှင့် လိမ်းကျံချယ်သထားတဲ့ မြို့ ရဲ့ လမ်းမကြီးများ ပေါ်မှာ နေ့စဉ်လျှောက်နေမိရာ မှ ဤဝတ္ထုကို ရေး မိခြင်း ဖြစ်ပါသည်။)

(၁)

ညနေခင်း၏ မြားတစ်စင်းနှင့် ပဲ နေ့တစ်နေ့ဟာ ဆန့်ဆန့်ကြီးသေဆုံးသွားခဲ့၏ ။

နေရောင် ခြည်တွေ ရုပ်သိမ်းထွက်ခွာစ မြို့ ၏ ညနေခင်းကို ကြည့်ပြီး မဏိစန္ဒာကို သူအောင့်မေ့ နေမိသည်။ ဒါပေမယ့် သူ့မှာ မဏိစန္ဒာ တစ်ယောက် မရှိခဲ့တာ သေချာပါသည်။ သူ့မှာ မဏိစန္ဒာအစား ရှားရှားပါးပါး လိပ်ပြာလေးတစ်ကောင်သာရှိခဲ့ဖူးသည်။

သူမနာမည် ကို သူက လိပ်ပြာလေးဟုခေါ်သည်။ လိပ်ပြာလေးဟုခေါ်တိုင်း သူမက သူ့ကို လက်သီး ဖွဖွလေးနှင့် မထုဖူးပါ။ သူမက သူ့ကို ဘာမျှမခံစားရသော အကြည့်နှင့် သာကြည့်တက်ပါသည်။ စိတ်တို လက်ရရှိ သည့်အခါမှာ တော့ “ကျွန်မက ရှင့်ထက်အသက်အများ ကြီးငယ်သေးပေမယ့် ကျွန်မက ရှင့်ထက် အစောကြီး သေဆုံးခဲ့ပြီး” ဟု ပြောတက်ပါသည်။

ဘာပဲ ဖြစ် ဖြစ် လိပ်ပြာလေးရဲ့ ညာဘက်ကျော်ပြင်မှာ အနီ၊ အပြာ၊ အနက် ဆေးမင်တွေ နဲ့ ထိုးတားတဲ့ (တစ်သက်လုံး ဖျက်မရတဲ့) လိပ်ပြာရုပ်ကလေးကို တွေ့ပြီးသည့်အချိန်ကစပြီး သူမကို လိပ်ပြာလေးဟု သူခေါ်ခဲ့ခြင်း ဖြစ်ပါသည်။ သူ့သူငယ်ချင်းတွေ ကတော့ “ဒို့ကိုယ်က လိပ်ပြာလေးခွာသွားတဲ့နေ့မှာ ဒို့သေမှာ ပဲ” ဟု လိပ်ပြာလေးကို စတင်ပါသည်။

တလောကပဲ စာအုပ်တစ်အုပ်ထဲမှာ ကမ္ဘာမြေကြီး၏ ရာသီဥတုအပြောင်းအလဲကြောင့် လိပ်ပြာတွေ ဟာ နေနေကျနေရာကနေ ကမ္ဘာမြေကြီး၏

မြောက်ဖက် ကီလိုမီတာနှစ် ရာအထိ ရွှေ့ပြောင်းပျံသန်းသွားကြကြောင်း သူဖတ်လိုက်ရသည်။ ခုတလောမှာ တော့ အသိုက်ပြောင်းသည့်အထဲမှာ သူ့လိပ်ပြာကလေးကောပါသွားခဲ့ပြီလာ သူတွေ းနေမိခဲ့သည်။

(၂)

ကွမ်းတံတွေ းတွေ နဲ့ ရေး ချယ်ထားတဲ့ မြို့ ရဲ့ လမ်းမကြီးတွေ ပေါ်မှာ ကားတွေ က လူတွေ ကို မောင်းနှင်နေကြသည်။

သူငယ်ချင်း တစ်ယောက် ကတော့“ကားပေါ်က လူတွေ ကပဲ နှလုံးသားမရှိတော့တာလား၊ ကားအောက်က လူတွေ ကပဲ သိက္ခာမရှိတော့တာလား တစ်ခုခုတော့တစ်ခုခုပဲကွ” ဟုပြောရင်း ကွမ်းတံတွေ းတွေ ကို လမ်းမကြီးပေါ် ပြစ်ကနဲ ထွေးချလိုက်သည်။

မျဉ်းကြားတွေ မှာ ကားတွေ က ဟွန်းတွေ ကို တပွမ်ပွမ်တီးကြ၊ အရှိန်တွေ ကို မြှင့်ပြီးမောင်နှင်ကြနှင့် တစ်နေ့မှာ တော့ အရှိန်ပြင်ပြင်မောင်းနှင်လာတဲ့ ကားတစ်စီးဟာ မျဉ်းကျားမှာ ဖြတ်ကူးလာတဲ့ လူ တစ်ယောက် ကို ဝင်တိုက်ပြီး ထွက်ပြေး သွားပါတော့သည်။

အတိုက်ခံရတဲ့လူဟာ သူမဟုတ်သည့်အတွက် ထိုအ ဖြစ်အပျက်ကို သူ ကောင်းကောင်းကြီး မြင်လိုက် ရပါသည်။ခေါင်းထဲက ယိုစီးထွက်ကျလာတဲ့ သွေးတွေ ဟာ ကတ္တရာလမ်းပေါ်က ကွမ်းတံတွေ း အခြောက် တွေ နဲ့ ရောပြီး အနီမှိုင်းပိုင်ပလပ်ဖောင်းဘက်ဆီ စီးကျကုန်သည်။

အတိုက်ခံရတဲ့လူကလည်း လောကကြီးကို သိပ်ခင်တွယ်ပုံမရပါ။ တစ်ခါတည်းပင် လောကကြီးက ပျော်ပျော်ပါးပါးထွက်ခွာသွားတော့သည်။ မကြာမီ လူတွေ ဝိုင်းအုံလာကြပြီး ထိုသူ့အလောင်းကို သယ်သွား ကြတော့ လူအုပ်ထဲမှ လိပ်ပြာတစ်ကောင်ပျံထွက်သွားသည်ကို သူတွေ ့လိုက်ရသည်။

ဘာပဲ ဖြစ် ဖြစ် ထိုနေ့က အ ဖြစ်အပျက်တွေ ကို ကြည့်ပြီးချိန်ကစပြီး လမ်းပေါ်မှာ လမ်းလျှောက်ရတဲ့ ဘဝရဲ့ မလုံခြုံမှု ကို သူသိသွားကာ ကားတစ်စီးကို

ဝယ်နိုင်အောင် ကြိုး စားဖို့ သူ ဆုံး ဖြတ်ချက် ချလိုက်သည်။

(၃)

အင်ဒိုနီးရှားက သစ်တောတွေ ပဲ ဖြစ် ဖြစ်၊ အမေဇုံက သစ်တောတွေ ပဲ ဖြစ် ဖြစ် မီးကဝါးမျို နိုင်ကြောင်း ကို သက်သပြခဲ့ပါပြီ။ ဒါဟာ သဘာဝအန္တရာယ်တစ်ခုတည်းကြောင့် ဖြစ်ခြင်းတော့ မဟုတ်ပါ။ လူတွေ က တောင်ယာအတွက် တောမီးတွေ ရှို့ကြ တောမီးတွေ က သစ်တောတစ်ခုလုံးကို အငမ်းမရ ဝါးမျိုးပစ်ကြ ဒါကြောင့် ပဲ ဖြစ်သည်။ ဒါတွေ ကို တွေ းမိတော့ သူငယ်ငယ်က ပျဉ်းမနားဘက်မှာ တောင်ယာ မီးတောက်တွေ နှင့် လောင်လို့။

အခုတော့လည်း ဒီလိုတောင်ယာမီးတွေ ဟာ သတ်လို့ မကုန်နိုင်အောင်ပဲ ပတ်ဝန်းကျင်နိုင်ငံတွေ နဲ့ ကမ္ဘာမြေကြီးရဲ့ လုံခြုံရေး ကိုပါ ခြိမ်းခြောက်လျက် ရှိနေခဲ့ပါပြီ။

စက်ရုံတွေ ရဲ့ မီးခိုးခေါင်းတိုင်တွေ က ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ ၊ ကားအင်ဂျင်က ထွက်လာတဲ့ ဓါတ်ငွေ့တွေ ၊ တောမီးတွေ ကတတ်လာတဲ့ မီးခိုးမည်း မည် းတွေ ။ ဖန်လုံ အိမ်ယာနိသင်တဲ့။ ကမ္ဘာကြီးပိုမို ပူနွေးလာမှု တဲ့။ ရာသီဥတု ဖောက်ပြန်ပျက်စီး လာမှု တဲ့....။

မြစ်ဖက်က တိုက်လာတဲ့ လေတွေ ထဲမှာ ဆေးလိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း ဒီဆေးလိပ် မီးခိုးတွေ ကရော သူ့ဖာသာသူ ပျောက်ကွယ်ပျက်စီးသွားမှာ လား သူစဉ်းစားနေ မိပြန်သည်။

သူ့လိုပဲ ကမ္ဘာပေါ်က လူသန်းပေါင်းများ စွာ ဟာ နေ့စဉ်ပဲ ဆေးလိပ်တွေ ကို တစ်လိပ်ပြီးတစ်လိပ် သောက်နေကြ၏ ။ လူတွေ တစ်နှစ် လုံးသောက်လို့ ထွက်လာတဲ့ မီးခိုးတွေ ဟာ တစ်ခါတရံမှ လောင်လို့ထွက်လာတဲ့ တောမီးတွေ နဲ့စာရင် ဘယ်ဟာက ပိုများ မှာ ပါလဲ။

သူ ကတော့ ကမ္ဘာပေါ်မှာ ဆေးလိပ်သောက်တဲ့လူတွေ အားလုံးကိုစုပြီး တစ်နေရာမှာ ဆေးလိပ်သောက်ပွဲကြီး လုပ်ကြည့်ချင်သည်။ ဒီပွဲက ထွက်လာတဲ့ မီးခိုးတွေ ဟာ.....။

“မီးတစ်တို့လောက် အစ်ကိုကြီး”

လူ တစ်ယောက် က သူ့ဆီက မီးတစ်တို့လာတောင်း၏ ။ သူက ထိုလူကို ရေခဲစိမ်ထားသည့် အလောင်းကောင် တစ်ကောင်အား မြင်လိုက်ရသလို စိုက်ကြည့်ရင်း သူ့ဆေးလိပ်ကို ပေးလိုက်သည်။ ထိုလူက ဆေးလိပ်နှစ် ခုကိုတေ့ပြီး မီးခိုးတွေ တထောင်းထောင်းထအောင် ရှိုက်ဖွာနေသည်။

အလွန်ရှုံစရာကောင်းတဲ့ မြင်ကွင်းထဲမှာ ထိုလူ ဆေးလိပ်မီးညှိနေတဲ့ မြင်ကွင်းကလည်း တစ်ခုအပါအဝင် ဖြစ်မည် ဟု သူ စဉ်းစားနေမိပြန်သည်။

ထို့ကြောင့် ပင် ထိုလူဆေးလိပ်ပြန်ပေးသည့်အခါ သူက သူ့ဆေးလိပ်ကို မြစ်ရေထဲပစ်ချလိုက်သည်။ ကံကောင်းစွာ ပဲ သူ့မြို့ ရဲ့ မြစ်ရေထဲမှာ ရေနံတင်သင်္ဘောတစ်စင်း မှော က်ခဲ့ခြင်း မရှိသည့် အတွက် မြစ်ကို မီးမလောင်ခဲ့ပါ။

ထိုလူ ကတော့ ဆေးလိပ်ပေးပြီးပြီးချင်း လှည့်ထွက်သွားသည့်အတွက် သူ့အ ဖြစ်ကို မြင်မသွားခဲ့။

(၄)

ပန်းတွေ ကို အဆုပ်လိုက် အဆုပ်လိုက် ပန်ထားတဲ့ ပိတောက်ပင်ကြီးက ဆေးရုံတစ်ခုလုံးကို အီအီမူးမူး စူးစူးရဲရဲ မွှေးနေစေ၏ ။

ဆေးရုံကို သူရောက်တော့ ဆေးရုံတက်နေတဲ့ မိတ်ဆွေက ကုတင်ပေါ်မှာ ထိုင်ရင်း တော်ကူးဆရာတော် ဘုရားကြီးရဲ့ ဝိပဿနာရှုနည်းစာအုပ်တစ်အုပ်ကို ဖတ်နေ၏ ။ ထိုသူငယ်ချင်းက နေမကောင်း၍ ဆေးရုံတင်ရာမှ အိပ်ချ်အိုင်ဗွီပိုးရှိနေသော သူငယ်ချင်း ဖြစ်၏ ။

“ဘယ်လိုလဲ အဆင်သင့် ဖြစ်ပြီလား”

ကုတင်ဘေးမှာ ဝင်ထိုင်ရင်း သူငယ်ချင်းကို သူမေးလိုက်ခြင်း ဖြစ်သည်။

“လူတွေ ဟာ သေမှာ တော့ ကြောက်ကြတယ်ကွ၊ ဒါပေမယ့်မသေဘူးဆိုတဲ့လူ

ဘယ်သူများ ရှိလို့လဲကွာ”

သူငယ်ချင်းက ဖက်လက်စစာအုပ်ကိုချပြီး သူ့ကို ပြန်ပြောလိုက်သည်။ သူ့စကားတွေ က မီးမပျက်သည့် အိမ်တစ်အိမ်ရဲ့ ရေခဲသေတ္တာထဲက ရေခဲတုံးတွေ လို အေးစက်မာကျောနေ၏ ။

“ဒါဖြင့် မင်းသေဖို့အဆင်သင့်မ ဖြစ်သေးဖူးပေါ့”

“အမှန်အတိုင်းပြောရရင် ငါမသေချင်သေးဘူး။ ငါ့လိုပဲ ဘဝမှာ ပေါ့တီးပေါ့ဆနေခဲ့တဲ့လူတွေ အများ ကြီး ပဲဟာ ဒါပေမယ့် ငါက သူများ ကို ဘယ်တော့မှ မယုတ်မာခဲ့ဘူး ဒီအတွက် နေလို့ရရင် ဘဝမှာ ငါဆက်နေချင်သေးတယ်။

ထိုနေ့က သူငယ်ချင်းနှင့် သူအတော် ကြာအောင် စကားတွေ ပြော ဖြစ်ခဲ့ကြ၏ ။ သူငယ်ချင်းက သူတို့ လိပ်ပြာလေးမှာ ကော အိပ်ချ်အိုင်ဗွီပိုးရှိမရှိ သိချင်သည်ဟုဆို၏ ။ ပြီးတော့ ကမ္ဘာပေါ်မှာ အိပ်ချ်အိုင်ဗွီပိုးရှိသူ ဘယ်နှစ် သန်းရှိပြီကိုလည်း သူ့ကိုမေးသည်။

ကမ္ဘာပေါ်ရှိ အိပ်ချ်ရောဂါ သည် ဘယ်နှစ် ဦးရှိပြီကိုသူမသိပေမယ့် မြို့ တွေ မှာ တော့ လိပ်ပြာတွေ များ လာကြောင်း သူငယ်ချင်းကို ပြော ဖြစ်ခဲ့သည်။

သူငယ်ချင်းကလည်း သူဖတ်ဖူးခဲ့သည့် သိပ္ပံဝတ္ထုတစ်ပုဒ်ထဲက လိပ်ပြာတွေ ကျပြီး ပျက်စီးသွားတဲ့ မြို့ ကြီးတစ်မြို့ အကြောင်းကို ပြောပြနေသည်။ ဆေးရုံကအပြန်မှာ သူငယ်ချင်းပြောသည့် လိပ်ပြာကျပြီး ပျက်စီးသွားတဲ့ မြို့ ကြီးတစ်မြို့ အကြောင်းကိုပဲ သူစဉ်းစားလာမိသည်။ မီးရောင် တွေ ကလည်း မြို့ ကို အမှော င်ထုထဲ နစ်မြုပ်မသွားအောင် အစွမ်းကုန်ကာကွယ်နေကြသည်။

သူပြန်ရမည့် ကားမှတ်တိုင်ကိုအရောက်မှာ တော့ ဓာတ်မီးတိုင်အောက်မှာ လိပ်ပြာသုံးကောင် အိမ်ခြေမရ ဖြစ်နေသည်ကို သူလှမ်းတွေ့လိုက်ရပြန်သည်။

(၅)

ထိုညမှာ ပဲ သူ့တိုက်ခန်းကို လိပ်ပြာလေးပြန်ရောက်လာ၏ ။

သူအိမ်ပြန်ရောက်လာပြီး မကြာခင်မှာ အိမ်ရှေ့က တံခါးခေါက်သံကြား၏ ။ တံခါးကို ထဖွင့်လိုက်တော့ လိပ်ပြာလေး ဖြစ်နေသည်။

“မင်းပျောက်နေလိုက်တာ ငါက ကမ္ဘာမြောက်ပိုင်းကို ပြောင်းသွား တဲ့ လိပ်ပြာတွေ ထဲမှာ မင်းပါ ပါသွားတယ် အောက်မေ့နေတာ”

လိပ်ပြာကလေးက သူပြောသည်ကို ဘာမျှနားလည်ပုံမပေါ်ဘဲ သူ့ကို အကြာကြီးစိုက်ကြည့်နေ သည်။ ပြီးတော့မှ…။

“ကဲ… အခန်းထဲကို ဝင်မှာ လေ ဖယ်ဦး” ဟုဆိုကာ ပက်ကျိတစ်ကောင်လို သူ့အခန်းထဲသို့ အိကျတိုးဝင်လာခဲ့သည်။

ပြီးတော့ ဆက်တီပေါ်မှာ ထိုင်ချရင်း “အိုက်လိုက်တာ ကျွန်မရေချိုး မှ ဖြစ်မယ် ရေလာတယ် မဟုတ်လား” ဟုဆို၏ ။

ပြီးတော့ သူပြောသည့်အတိုင်းမစောင့်ဘဲ ရေချိုး ခန်းထဲကို ဝင်ကာ ရေဝင်ချိုး ၏ ။ ရေချိုး ခန်းကထွက် လာတော့ ခေါင်းကို သဘက်နှင့် ခပ်ကြမ်းကြမ်းပွတ်ခါ သူမအိတ်ထဲက ဟဲရားစပရေး ဗူးကိုထုတ်ပြီး တရှူးရှူးမှု တ်နေပြန်၏ ။

သူ ကတော့ သူမရဲ့ ဟဲရားစပရေး ဗူးကို ကြည့်ပြီး ကလိုရိုဖလူရိုကာဗွန်၊ အိုဇုန်းလွှာ၊ ခရမ်းလွန်ရောင် ချည် စသည့် စကားလုံးတွေ ကို ပြေးမြင်နေမိသည်။

အိုဇုန်းလွှာဟာ လူသားတွေ နှင့် အပင်တွေ ပေါ်ကျရောက်မည့် ခရမ်းလွန်ရောင် ခြည်ကို ကာကွယ် ထားကြောင်း ထိုအိုဇုန်းလွှာမရှိခဲ့ပါက လူတွေ က ကင်ဆာ ရောဂါ ရပြီး အပင်တွေ လည်း နေဒဏ်မခံနိုင်ပဲ ပျက်စီးရမည် ဖြစ်ကြောင်း၊ ထိုအိုဇုန်းလွှာကို မှု တ်ဆေးတွေ ၊ ရေမွှေးတွေ ၊ ဟဲရားစပရေး တွေ ၊ ရေခဲသေတ္တာတွေ နှင့် လေအေးပေးစက်တွေ မှာ သုံးတဲ့ ကလိုရိုဖလူရိုကာဗွန်က ပျက်စီးစေကြောင်း…။

“ ကျွန်မ မြောက်ပိုင်းကို ရောက်နေတယ်ဆိုတာ ရှင်ဘယ်လိုလုပ်သိသလဲ”

သူ့အတွေ းတွေ ကို သူမစကားလုံးတွေ က ပစ်ဖောက်ဖျက်ဆီးပစ်လိုက်၏ ။

သူမစကားထဲမှာ သူမနှင့် ပတ်သက်ပြီး အရာရာကို စုံစမ်းသိရှိနေသည်ဟု ထင်နေပုံရသည်။ သူမက သူမစကားကိုဆက်ပြီး...။

"ကျွန်မ မြောက်ပိုင်ကိုရောက်သွားတယ်။ ရှင်နဲ့ ဆိုရင် မိုင်ပေါင်းခုနစ်ရာလောက် ဝေးသွားမယ် ထင်တာပဲ။ ကျောက်ထွက်တဲ့ဒေသတစ်ခုကို။ငွေကလည်း ရှာရတာလွယ်တယ်။ သေဖို့ကလည်း ငွေရှာရတာ ထက်လွယ်တယ်၊ ငှက်ဖျားတွေ ကော၊ ဝမ်း ရောဂါတွေ ကော၊ အိုစုံလို့ ကျွန်မ ဘာကြောင့် များ ရှင့်အရိပ်မှာ မနားနိုင်ခဲ့လဲလို့။ ဒါပေမယ့် ကျွန်မဘဝကို ရှင့်ဆီအပ်ဖို့ ကျွန်မလိပ်ပြာမသန့်ဘူး။ အခုလည်း ကျွန်မ ရှင့်ကို လာပြီးနှုတ်ဆက်တာ၊ ဟောဒီမှာ ကျွန်မရှာခဲ့တဲ့ငွေတွေ "

သူမက ပြောပြောဆိုဆို သူမခရီးဆောင်အိတ်ထဲက ငွေတွေ ကို ဆက်တီခုံပေါ်မှာ တင်နေ၏ ၊ စုစုပေါင်း ငါးရာတန်ရှစ်အုပ်ခန့် ဖြစ်မည် ထင်သည်။

"ရော့...ဒီမှာ ငွေလေးသိန်း၊ ဒါဆိုရှင်လုပ်ချင်တဲ့ စာအုပ်လုပ်ငန်းအတွက် နည်းနည်း ပါးပါးတော့ အထောက်အကူပြုမည် ထင်တယ်။ ကျွန်မမှာ မရှိတဲ့အခိုက် ရှင်ကျွေးမွေးခဲ့တာရယ်၊ ပြီးတော့ ကျွန်မကို လက်ထပ်ယူဖို့ ပြောဖူးခဲ့တဲ့ ရှင့်ရဲ့ ကျေးဇူးတွေရယ် ဒါတွေ ကို ကျွန်မဆပ်ဖို့ ရှင်ယူထားလိုက်။ ကျွန်မ ကတော့ တောင်ပေါ်မှာ ပဲ ယောက်ျား တစ်ယောက် ကို ကောက်ယူလိုက်ပြီ။ ဒါမှမဟုတ်လည်း သူက ကျွန်မကို ငွေနဲ့ ဝယ်ယူလိုက်တာလည်း ဖြစ်ချင် ဖြစ်မှာ ။ ကျွန်မဟာ သူ့ရဲ့ ဘယ်နှစ် ယောက် မြောက်မိန်းမ ဆိုတာလည်း ကျွန်မမသိဘူး။ ဒါပေမယ့် သူ့မှာ ငွေတွေ အများ ကြီးရှိတာတော့ သေချာတယ်။ ဒီမှာ ဒီငွေတွေ ဟာ ကျွန်မယောကျ်ားဆီက ယူလာတဲ့ ငွေတွေ တော့ မဟုတ်ဘူးနော်။ဒါ ကျွန်မရှင်းဖို့ ရှာထားတာ။ ကဲ... ကျွန်မသွားမယ်၊ အောက်မှာ ကျွန်မယောကျ်ားရဲ့ ကားစောင့်နေတယ်။ ဒီညပဲ တောင်ပေါ်ကို ပြန်တက်မှာ ၊ ကျွန်မသူငယ်ချင်းကို သွားနှုတ်ဆက်မလို့ ရှင်အောက်က စောင့် နေပါလို့ ကျွန်မပြောထားခဲ့တာ။ တစ်ခုတော့ ရှိတယ် ဒီငွေတွေ က ရှင့်ရဲ့ မာနကို စော်ကားရိုက်ချိုး တာလို့တော့ မထင်ပါနဲ့ ကျွန်မရဲ့ မပေးနိုင်ခဲ့တဲ့ မေတ္တာအတွက်...။

သူမက သူမရဲ့ အိတ်ကို ဖျတ်ကနဲဆွဲယူရင်း အခန်းထဲက လှစ်ကနဲ

ပြန်ထွက်သွား၏ ။ လာတုန်းက မျှော့တစ်ကောင် လိုလာပြီး အပြန်ကျတော့ မြွား တစ်စင်းလို ထွက်ပြေးသွားသည့် သူမကို တာဆီးချိန်မရခင်မှာ လှေးခါးထစ်က ဖိနပ်သံတွေ လည်း သူနှင့် တဖြည်းဖြည်းဝေးကွာသွားခဲ့သည်။ နောက်တော့ ကားတစ်စီး၏ စက်နှိုးထွက်ခွါသံ...။

(၆)

ထိုညမှာ ပဲ ကမ္ဘာမြေကြီးလည်း သေဆုံးသွားခဲ့ပါသည်။

ကမ္ဘာမြေကြီးဟာ လူဆိုသည့် သတ္တဝါ၏ လုပ်ကြံသတ်ဖြတ်မှု ကြောင့် သက်တမ်းမစေ့မီမှာဘဲ သေဆုံးသွားခဲ့သည်။

- ကမ္ဘာမြေကြီး၏ ဈာပနကို

- သူရယ်

- သိပ္ပံပညာရှင် တစ်ယောက် ရယ်

- တယောဆရာ တစ်ယောက် ရယ်

- ခရစ်တော် အလောင်းကို ခိုးယူသွားတဲ့ လိပ်ပြာမတစ်ကောင်ရယ်... ဒီလေးယောက် ပဲလိုက်ပို့ကြ၏ ။

- ဘာပဲ ဖြစ် ဖြစ် ကမ္ဘာမြေကြီးရဲ့ ဈာပနကို ဘယ်အဖွဲ့အစည်း၊ ဘယ်မဂ္ဂဇင်း၊ ဘယ်စာစောင် တစ်ခုတလေကမျှ လွမ်းသူ့ပန်းခွေ ပေးပို့ခြင်း မရှိကြောင်း တွေ့ရပါသည်။

ရုပ်ရှင်စတားမဂ္ဂဇင်း (၁၉၉၉)

# ကြွက်တစ်ကောင်၏ မိုးနေ့

ပျင်းစရာကောင်းတဲ့နေ့တွေ ထဲမှာ မိန်းမစိတ်ကောက်တဲ့နေ့ဟာ ပျင်းစရာအကောင်းဆုံးဟု သူ တွေ းနေမိ၏ ။ တစ်ခါတစ်ရံတော့ ပျင်းတာထက် ဒေါသထွက်တာက ပိုလာသည်။

ဘာကိစ္စကို မကျေနပ်မှန်းမသိဘဲ တစ်ခါတစ်ခါ စိတ်ကောက်နေတတ်သော မိန်းမကို အနှစ် နှစ် ဆယ်ကျော် ပေါင်းသင်းလာတော့လည်း ဒါတွေ ရိုးအီပြီး အသားကျဖို့တော့ သင့်ပါသည်။ ဒါပေမယ့် အသား မကျပါ။

တစ်ခါတစ်ခါတော့ သူမနှင့် အခန့်မသင့်သည့်အခါ ဝတ္ထုတိုတွေ သူရေး ဖြစ်သည်။ ထိုသို့ မိန်းမနှင့် စိတ်ကောက်နေတိုင်း တစ်ခါကဖတ်ဖူးသော ပညာရှိ တစ်ယောက် ၏ စကားကို သတိရနေသည်။ မိန်းမ တစ်ယောက် ကိုသာ ကောက်ယူလိုက်ပါ။ အဆင်ပြေလျှင် စိတ်ချမ်းသာပြီး အဆင်မပြေလျှင် တွေ းခေါ် ပညာရှင် ဖြစ်လိမ့်မည် ဆိုလား သိပ်မမှတ်မိတော့။

ထိုနေ့က ဘာနေ့ဆိုသည်ကို မမှတ်မိပေမယ့် ထိုနေ့က မိန်းမစိတ်ကောက်နေသော နေ့ ဖြစ်တာ သေချာသည်။ လွန်ခဲ့တဲ့ နှစ် ရက်က သူအရက်သောက်လာလို့လား။ ဒါမှမဟုတ် ပိုက်ဆံ သုံးတာကို မသင်္ကာလို့လား၊ ဒါမှ မဟုတ်....။ သိနိုင်ဖို့ ခဲယဉ်း၏ ။

အနှစ် နှစ် ဆယ်ကျော် ပေါင်းသင်းလာသည့်၊ တစ်ခြင်ထောင်ထဲ အတူအိပ်လာသည့် မိန်းမ တစ်ယောက် ရဲ့ စိတ်ထဲမှာ ဘာတွေ ဖြစ်နေသည်ကို မသိတာ၊ ဒါမှမဟုတ် သူ့ စိတ်ထဲဘာတွေ ဖြစ်နေ သည်ကို မသိတာ ဘယ်လောက်များ တစိမ်းဆန်လိုက်ပါသလဲ။ တကယ်တော့လည်း လင်းမယားဆိုတာ တစိမ်းတရံဆန်တွေ ပဲ။ ကမ္ဘာဦးအစကတည်းက သိဖို့မလွယ်ကူတဲ့ ကိစ္စပေပဲ။ သူတို့ဟာ အတူတူနေပြီး စစ်အေးတိုက်ပွဲတိုက်နေတဲ့ ရန်သူတွေ ဖြစ်လိုက်။ တစ်ခါတစ်ခါ စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုပြီး မိတ်ဆွေတွေ ဖြစ်လိုက်။ တစ်ခါတစ်ခါ မထင်မှတ်ဘဲ တစ်ယောက် ယောက် က

စည်းဖောက်ရာမှ တိုက်ပွဲတွေ ပြင်းထန်ပေါက်ကွဲလိုက်။

ထိုနေ့က ဘာနေ့မှန်းမသိပေမယ့် ထိုနေ့က မိန်းမစိတ်ကောက်နေတဲ့ နေ့ ဖြစ်တာ သေချာနေ သည်။ မိုးကလည်း တစ်ညလုံးရွာလာလိုက်တာ။ မနက်လင်းသည်အထိ တဖျောက်ဖျောက်ရွာလိုက်၊ ရပ်သွားလိုက်နှင့် ရွာရတာ ကို အားမရဘဲ ရှိနေသည်။

သူ ကတော့ မိုးရွာတာရော၊ မိန်းမစိတ်ကောက်နေတာရော၊ အပြင်သွားဖို့ စောနေသေးတာရော အားလုံးကြောင့် ပဲ စာကြည့်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး တစ်ခုခုကို ရိုက်ခွဲချင်စိတ်တွေ ပေါ်နေသည်။ စစ်အေးတိုက်တာက သူမ ဖြစ်ပြီး ပေါက်ကွဲပစ်လိုက်တာက သူဆိုလျှင် ပတ်ဝန်းကျင်ပါ အကုန်းလုံးပျံ့နှံ့ကာ ငြိမ်သက်နေတဲ့ မိုးနေ့ကို ဖျက်ဆီးရာကျသွားနိုင်၏ ။ သူမလုပ်ပါ။ ကုလားထိုင်တစ်ခုပေါ်မှာ ထိုင်ပြီး သူ့ဖာသာပဲ ငြိမ်သက်စွာ ပေါက်ကွဲနေမိသည်။

ထိုအချိန်မှာ ပဲ မိုးက ဖွဲဖွဲ့လေးရွာလာ၏ ။ ခေါင်မိုးသွပ်ပြားပေါ်ကို မိုးပေါက်ကျသံတွေ က သီချင်းတစ်ပုဒ်မတီးခင် လက်စမ်းနေသည်နှင့် တူနေသည်။ ပေါက်ကွဲနေတဲ့ စိတ်တွေ ကို ငြိမ်သက်ဖို့ မိုးသံတွေ ကို အာရုံစိုက်နေချိန်မှာ ပဲ ပြူတင်းပေါက်ကနေ ကြွက်တစ်ကောင်ကို လှမ်းမြင်လိုက်ရ၏ ။ ထိုကြွက်ဟာ မိုးထဲလေထဲအပြင်ကို ထွက်လာပြီးမှ အကာအကွယ် တစ်ခုခုကိုရဖို့က လိုက်ရှာနေပုံရ၏ ။ ဒါမှမဟုတ် ဒီကြွက်ဟာ အင်ဒိုနီးရှား တုပ်ကွေးမိပြီး တွင် းထဲကထွက်လာတာလည်း ဖြစ်နိုင်၏ ။ ဒီကြွက်ဟာ မီးမလာသည့်အိမ်က ဖွင့်ထားသည့် မီးစက်တစ်လုံးကို တုံတုံရီရီ ဖြစ်နေရုံမကဘဲ ကျောပေါ်က အမွေးတွေ ကလည်း အကွက်လိုက် အကွက်လိုက် ကျွတ်ပြီး ပေါ်နေတဲ့အသားတွေ မှာ အနာတွေ လည်း ဖြစ်နေသေးသည်။

ဒီကြွက်ဟာ အနာရှိန်ကြောင့် အဖျားတက်နေတာလား။ ဟိုတိုးဒီတိုး တိုးနေရပေမယ့် သူ့မှာ အင်အားသိပ်မရှိတာတော့ သေချာနေသည်။

လူ တစ်ယောက် သာဆိုလျှင်တော့ ထိုအချိန်မှာ ရွှေဘုံသာလမ်းက အထူးကုဆေးခန်း မှာ ဖြစ် ဖြစ်၊ ဒါမှမဟုတ် ပါရဂူ တစ်ယောက် ရှိသည့် ဆေးရုံကို ဖြစ် ဖြစ်၊

လမ်းထိပ်က ဆေးဆိုင် ဖြစ် ဖြစ်၊ နောက်ဆုံးကွမ်းယာဆိုင်က ပင်နီဆီလင်ဆေးနှင့် ဘာစပရိုဆေးတစ်ခုခုကို ဖြစ် ဖြစ် ပြေးဝယ်ပြီး သူ့ အသက်ရှင်နေထိုင်မှု အတွက် ကာကွယ်နိုင်မည် ။

ဒါမှမဟုတ် ခပ်ရွတ်ရွတ်လူ တစ်ယောက် ဆိုလျှင် မြို့ ပေါ်က ဘီယာစတေရှင်မှ ဖြစ် ဖြစ် မူးအောင် ချနေမည် ။ ဘီယောက် သောက်နိုင်လောက်အောင် ပိုက်ဆံမရှိသူဆိုလျှင် ရွှေမန်းတောင်တစ်ခွက်ကို ချက်အရက်တစ်ပိုင်း လောက်နှင့် ရောချပြီး စောင်ခြုံကွေးနေနိုင်၏ ။

ဒါပေမယ့် ကြွက်တစ်ကောင်ဆိုတော့ ဒါမျိုး လုပ်နိုင်ခွင့်မရှိ။ ကြွက်တစ်ကောင်မှာ အထူးကုဆေးခန်းမရှိ၊ ကြွက်တစ်ကောင်မှာ အထူးကုပါရဂူမရှိ၊ ပင်နီဆီလင်မရှိ၊ ဘာစပရိုမရှိ၊ ရွှေမန်းတောင်မရှိ၊ ဘီယာစတေရှင်မရှိ၊ ချက်အရက်မရှိ၊ ကိုယ်ပိုင်ကားမရှိ၊ မယားငယ်မရှိ…။

အို…ကြွက်တစ်ကောင်မှာ အားကိုးဆိုလို့ ရှေ့သွားလေးချောင်းလောက်ပဲရှိပါလား။ ဒီသွားတွေ နဲ့ ပဲ အိမ်တွေ ကိုကိုက်၊ ပလပ်စတစ်ခြင်းတွေ ကိုကိုက်၊ ထမင်းအုပ်ဆောင်းတွေ ကိုကိုက်၊ ဘီရိုတွေ ကို ကိုက်၊ သုံးထပ်သားတွေ ကို ကိုက်၊ အဝတ်အစားတွေ ကို ကိုက်၊ စာအုပ်တွေ ကို ကိုက်၊ နောက်ဆုံး အချင်းချင်းကို ကိုက်ပြီး အမွှေးတွေ ကျွတ်၊ ကျော်မှာ ဒဏ်ရာအနာတရတွေ ဖြစ်ခဲ့…။

ဘာပဲ ဖြစ် ဖြစ် ဘဝဆိုတာ အကြိမ်ကြိမ်ပြောင်းနေရသည်ဆိုလျှင်တော့ လူ တစ်ယောက် ဟာ ကြွက်တစ် ကောင် ဖြစ်ဖို့ကအတော့်ကိုအခွင့်အရေး နီးစပ်နိုင်ပေသည်။ ဘာကြောင့် မို့လည်းဆိုတော့ လူဆိုတာ ကြွက်နှင့် အတော် တူသော ကြောင့် ဖြစ်သည်။ ထိုကြွက်ဟာလည်း ယခင်က လူ တစ်ယောက် ဖြစ်နိုင် ခဲ့သည်။ လူ တစ်ယောက် ထဲမှာ သူဟာ ဘယ်လိုလူမျိုး ဖြစ်ခဲ့ဖူးမှာ ပါလိမ့်။

ထိုလူဟာ ဌာနတစ်ခုက အရာရှိကြီးတစ်ဦးဆိုလျှင် သူ့ပိုင်ပစ္စည်းတွေ ၊ ဌာနပိုင်ကားတွေ ၊ ဌာနပိုင် ဝန်ထမ်းတွေ ကို သူ့ပိုင်ပစ္စည်းလို အလွဲသုံးစား လုပ်ခဲ့တဲ့လူလား။

နိုင်ငံတော် က ပေးသည့် မြေကွက်တွေ ကို သူ့ ရပိုင်ခွင့်ထက်ပိုပြီး မြောက်ဒဂုံမှာ လည်းယူ၊ ဘုရင့်နောင်မှာ လည်းယူ၊ မန္တလေးမှာ လည်းယူ၊ အခြားမြို့ တွေ မှာ လည်း လုမ်းယူရင်း သူသေတော့ ထိုမြေတွေ ကို သည်အတိုင်းထားခဲ့ရသည့် မသေခင်ကထဲက မြေမက်သည့် မြေကြွက်တစ်ကောင် ဖြစ်ခဲ့ရင်ကော။

ဒါမှမဟုတ်ရင်တော့ ထိုကြွက်ဟာ လူရှေ့သူရှေ့မှာ စိပ်ပုတီးတစ်ကုံးကိုင်ပြီး ကွယ်ရာမှာ ကိုယ့်အတွက်သာ ကိုယ်လုပ်သည့် ကြောင်သူတော် တွေ လို လူမျိုး သေလို့ဝင်စားတာ ဖြစ်နိုင်သည်။ ထိုလူတွေ က လူမြင်နိုင်သည့် စိပ်ပုတီးကြီးကြီးတစ်ခု၊ ဒါမှမဟုတ်လည်း နှစ် ခုကို လက်ကမချဘဲ ကိုယ်ရဖို့ ဆိုလျှင် သူများ မျက်နှာမကြည့်သည့် (သူသေသည့်အခါ သူရှာခဲ့တာတွေ ကို ဘာမျှမယူသွားနိုင်သည့်) လူ တစ်ယောက် ပဲ ဖြစ်မည် ။ ထိုလူရဲ့ ပုတီးစိပ်သံထဲမှာ ငါ့ဖို့ ငါ့ဖို့ ဆိုသည့် အသံတွေ က အများ ဆုံးပါနေမည် ဖြစ်သည်။ ကိုယ့်ဖို့ သာကိုယ်ကြည့်တတ်သော လူ တစ်ယောက် ဟာ ဘယ်လောက်ကြီးသည့် စိပ်ပုတီးနှင့် ဖုံးကွယ်ပေမယ့် ဘယ်လိုမှ လုံခြုံမှာ တော့မဟုတ်။

ဒါမှမဟုတ်လည်း ထိုကြွက်ဟာ မိအိုဖအိုတွေ ကို လုပ်ကျွေးဖို့ မေ့လျော့နေတဲ့ သားသမီး တစ်ယောက် သေလို့ ဝင်စားတာလား၊ ထိုသားဟာ သူရှာရသမျှတွေ ကို အပေါင်းအသင်းတွေ နှင့် အရက်သောက်၊ အရက်မူးလာသည့်အခါ လောကကြီး မကောင်းကြောင်းကို အာဘောင်အာရင်းသန်သန်နှင့် ပြောတတ်ပြီး ထိုအရက်ဖိုးတွေ ထဲက ဆယ်ပုံတစ်ပုံလောက်ကိုတောင်မှ ပြောတတ်ပြီး ထိုအရက်ဖိုးတွေ ထဲက ဆယ်ပုံတစ်ပုံ လောက်ကိုတောင်မှ မိအိုဖအို တွေ ကိုပေးဖို့ မေ့လျော့နေသည့် သား တစ်ယောက် လား၊ ဒါကြောင့် မို့လည်း နောက်ဆုံးမှာ သောက်စားမူးယစ်ပြီး ရောဂါ ရ သေဆုံးရာက ကြွက် ဖြစ်လာသည် ဆိုလျှင်တော့။

ဖွဲဖွဲရွာရာမှ မိုးက အနည်းငယ်သည်းလာသည်။ ကြွက် ကတော့ ပုဏ္ဏာရိပ်ပင်ကြားကိုတိုးရင်း မလှုပ်မရှက် ငြိမ်သက်နေ၏ ။ ဒီမိုးကို မကျော်နိုင်တော့မှန်း ကြွက်က သိနေပုံသည်။ သည်ကြွက်သာ ဟိုဘဝကို ပြန်သတိရလျှင် သူဘာကို စဉ်းစားနေမှာ လဲ။

သည်ကြွက်ဟာ ကိုယ်ပိုက်ဆံရဖို့ တစ်ခုထဲကို ကြည့်ပြီး ခရီးသည်တွေ ဆီက သတ်မှတ်ကားခထက် ပိုတောင်းသည့် စပယ်ယာ တစ်ယောက် လည်း ဖြစ်နိုင်၏ ။ သည်စပယ်ယာဟာ ကူပွန်နှင့် စီးသည့် ဝန်ထမ်းတွေ အပေါ်ကို ရိုတိုတိ ဆက်ဆံပြီး ခရီးသည်တွေ အပေါ် ရိုင်းပြပြ ဆက်ဆံတတ်သည့် စပယ်ယာ လည်း ဖြစ်မည် ။ တချို့မှတ်တိုင်တွေ မှာ ကားကို အကြာကြီး ရပ်ထားပြီး ကားချင်းဖိုက်ကြသည့်အခါ ဆင်းမည့် မှတ်တိုင်မှာ မရပ်ဘဲ ဆက်မောင်းခိုင်းသည့် (မသေခင်က တိရစ္ဆာန် ဖြစ်နေသော ) စပယ်ယာ ဖြစ်နိုင်သည်။ သည်လိုနှင့် ပဲ သူ့နေ့တွက် ထက်ပိုရသည့် ပိုက်ဆံတွေ ကို သူနှင့် ငြိနေသည့် ကောင်မလေးဆီမှာ ဖြုန်းပစ်ပြီး မမျှော်လင့်ဘဲ ကားချင်းတိုက်လို့ သေရာက ကြွက်တစ်ကောင် လာ ဖြစ်သည်ဆိုလျှင်တော့။

ဘာပဲ ဖြစ် ဖြစ် လူ တစ်ယောက် ဟာ ကြွက်တစ်ကောင် ဖြစ်ဖို့ အတော့်ကို နီးစပ်နိုင်သည်။ ငါးပါးလီလထဲက တစ်ပါးပါးမလုံခြုံရုံနှင့် လူ တစ်ယောက် ဟာ ကြွက်တစ်ကောင် ဖြစ်သွားနိုင်သည်။

သည်ကြွက်ဟာ ယောကျ်ား တစ်ယောက် ရဲ့ အရိပ် အာဝါသအောက်မှာ မှီခိုနေရင်းမှ အခြားယောကျ်ား တွေ နှင့် နေချင်သလို နေတတ်သည့် မိန်းမ တစ်ယောက် လည်း ဖြစ်နိုင်သည်။

မိမိလူနာတွေ သေသွားရလောက်အောင် တာဝန်ကို ပေါ့ဆသည့် ဆရာဝန် တစ်ယောက် သေလျှင် လည်း ကြွက်တစ်ကောင် ဖြစ်သွားနိုင်သည်။

သည်ကြွက်ဟာ မိမိအမှု သည် နိုင်ရေး အတွက် မဟုတ်တာကို အဟုတ်လုပ်ပြောတတ်သော ရှေ့နေ တစ်ယောက် သေလျှင်လည်း ဖြစ်နိုင်၏ ။

စာအုပ်ထဲမှာ သူများ တကာကို မကောင်းတာတွေ လျှောက်ရေး ပြီး ကိုယ့်ကိုရေး တော့ မခံနိုင်သည့် စာရေး ဆရာ သေလျှင်လည်း ထိုကြွက် ဖြစ်နိုင်၏ ။

တွေးရင်းတွေးရင်း အိပ်ပျော်သွားလိုက်တာ အိပ်မက်ထဲမှာ သူဟာ ကြွက်တစ်ကောင် ဖြစ်နေသည်။ သူ့နောက်မှာ အမြီးတစ်ချောင်းပေါက်နေပြီး

သူ့ရှေ့သွားလေးချောင်းက ရှည်ထွက်လာ၏ ။

ကြွက် ဖြစ်လာတော့ သူဟာ ပထမဦးဆုံး သူ့မိန်းမ အဝတ်အစားတွေ ကို ကိုက်ပြစ်ချင်စိတ်တွေ ပေါ်လာသည်။ ဒါနှင့် ပဲ အဝတ်ထည့်ထားသည့် ဘီရိုဖက်ကို ထွက်အလာ သူ့ထက်အရင် ကြွက် ဖြစ်နေသော မိန်းမက သူ့အဝတ်အစားတွေ ကို ကိုက်ဖျက်ပစ်နေ၏ ။

သူ့မိန်းမ ကြွက်မနှင့် အတူ ဘေးမှာ ကြွက်တွေ ကလည်း အများ ကြီးမှအများ ကြီး၊ သည်ကြွက်ထဲမှာ သူ့ဆီက ပိုက်ဆံချေးပြီး ပြန်မပေးသည့် သူငယ်ချင်းတွေ ၊ သူ့ဆီက ငွေလိပ်သွားတဲ့ သူ့အလုပ်သမားတွေ ၊ သူနှင့် သောက်ဖော်သောက်ဖက် ဆိုးဖော်ဆိုးဖက် မိတ်ဆွေတွေ ၊ သူ့အသိ ဝေဖန်ရေး ဆရာတွေ ၊ သူ့အသိ မဂ္ဂဇင်းအယ်ဒီတာတွေ ၊ အို ကြွက်တွေ က အများ ကြီးမှ အများ ကြီး၊

သည်ကြွက်တွေ ဟာ သူ့ကိုဝိုင်းကြည့်နေကြပြီး ကိုက်ဖို့ပြင်ဆင်နေမှန်း သူသိသွား၏ ။ ဒါပေမယ့် သူ့အသိက နောက်ကျသွားပြီ ဖြစ်သည်။ သူ့မိန်းမကြွက်မနှင့် အတူ သည်ကြွက်တွေ က သူ့ကို ဝိုင်းလိုက်ကြ သည်။ ကြွက်တွေ ကို လွတ်အောင်ပြေးပေမယ့် ကြွက်တွေ က သူ့ကိုမီလာသည်။

သည်မှာ တင်ပဲ သူ့မိန်းမ ကြွက်မက သူ့ကို စ ကိုက်သည်။ ပြီးတော့ သူငယ်ချင်းကြွက်တွေ ၊ ပြီးတော့ အလုပ်သမား ကြွက်တွေ ၊ ပြီးတော့ မိတ်ဆွေကြွက်တွေ ၊ ပြီးတော့ ဝေဖန်ရေး ဆရာ ကြွက်တွေ ၊ အယ်ဒီတာ ကြွက်တွေ ၊ စာရေး ဆရာ ကြွက်တွေ ၊ အား....။

သူ လန့်ပြီး အိပ်ယာကနိုးသွားခဲ့၏ ။ အပြင်ဖက်မှာ မိုးတွေ ကလည်း သည်းသည်းမည်း မည်း ရွာချနေ၏ ။ ပုဏ္ဏရိပ် ပင်ကြားကို လှမ်းကြည့်လိုက်သည့်အခါ စောစောက ကြွက်မှာ ပုဏ္ဏရိပ်ပင်ကြား သေနေပြီး ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် ခြေထောက်တွေ စပ်ဖျင်းဖျင်း ဖြစ်နေသဖြင့် ခြေထောက်ကို ငုံ့ကြည့်လိုက်သည့်အခါ သူ့ခြေထောက်မှာ ကြွက်ကိုက်ထားသည့် ဒဏ်ရာတစ်ခုကို သူ တွေ

့လိုက်ရသည်။

စွယ်တော် ပွင့်သစ်မဂ္ဂဇင်း (၁၉၉၉)

# တစိမ်းတရံဆန်

ညက အိမ်မက်ထဲမှာ ဆယ်မာဟေးယက် သေဆုံးသွား၏ ။ ထိုဆယ်မာ ဟေးယက်က ဟောလီးဝုဒ် မင်းသမီး ဆယ်မာဟေးယက်တော့မဟုတ်။ သူ့ဘက်က ချစ်စနိုးခေါ်သော သူမ နာမည် သာ ဖြစ်သည်။ ပထမ သူမကို ကလော်ဒီယာရှိဖာလို့ ပေးရမလား၊ မီး(စ်) ဒင်နီမင်းဒက်(စ်) လို့ပေးရမလား သူစဉ်းစားပေမယ့် နောက်တော့သူမနာမည် ကို ဆယ်မာဟေးယက်ဟုသာ သူ အမည် ပေးလိုက်သည်။ ပြီးတော့ သူမကို ချစ်စနိုး ဆယ်မာဟု ခေါ်သည်။ သူမ ကတော့ သူမနာမည် ခင်ခင်လေးဟု သူ့ကို ပြောပြဖူးပါသည်။

သူမနှင့် သူ စတွေ့တာကလည်း မြို့ လယ်ခေါင်က နိုက်ကလပ်(စ်) တစ်ခုမှာ ဖြစ်သည်။ မှတ်မှတ်ရရ နယူးရီးယား နိုက်မှာ ဘီယာမူးမူးနှင့် သူမနှင့် တွဲကခဲ့သည်။ သူနှင့် မှမဟုတ် ထိုညက သူမက ယောကျ်ား အတော် များများ နှင့် တွဲကခဲ့သည်။ အဖြူ အနက်ကွက်ဂါဝန်ကို ဝတ်ဆင်ထားသော သူမအား ယောကျ်ား တစ်ယောက် လက်ကနေ နောက် တစ်ယောက် က ဆွဲခေါ်သွားသည်မှာ ဘောလုံးတစ်လုံးကို တစ်ယောက် ပြီး တစ်ယောက် ဝိုင်းကန်နေသည်နှင့် ပင် တူနေခဲ့သည်။ ထိုညက အယောင်ယောင်အမှား းမှာ း သူမကို ဆယ်မာ ဟေးယက်ဟုခေါ်ခဲ့သည်။ သူမ ကတော့ သူမနာမည် ခင်ခင်လေး ပါဟုသာဆိုသည်။ သည်လိုနှင့် ပဲ နယူးရီးယားညဦးပိုင်းမှာ ပင် သူလည်း ဆယ်မာဟေးယက်နှင့် လမ်းခွဲခဲ့သည်။

သည့်နောက်ပိုင်း သူနှင့် တယ်မာဟေးယက် ပန်းဆိုးတန်းမှာ ပြန်ဆုံကြသည်။ ထိုနေ့ နေကလည်း ခြစ်ခြစ်တောက်ပူနေ၏ ။ သစ်ပင်တွေ မရှိတော့သော ပန်းဆိုးတန်းလမ်းမကြီးကို နေက အရည်ဖျော်ပစ်ရန် ကြိုး စားနေသည်။ သူလည်း စာအုပ်အဟောင်း ရောင်း သည့် သူငယ်ချင်းဆိုင်မှာ (sputinik) အဟောင်းတွေ လာရှာရင်း ဆယ်မာဟေးယက်နှင့် ထပ်တွေ့ခဲ့ခြင်း ဖြစ်သည်။ ဆယ်မာက သူ့ကို ချက်ချင်း မှတ်မိပြီး သူနှင့် စားသောက်ဆိုင် တစ်ခုကို လိုက်လာခဲ့ခြင်း ဖြစ်သည်။

"အစ်ကို ပန်းဆိုးတန်းကို ဒီလိုပဲလာတတ်သလား" ဆယ်မာကမေးသဖြင့် "(sputnik) တွေ လာရှာတာ" ဟု ပြောသည့်အခါ "အဲဒါ နောက်ဆုံးပေါ် ကွန်ဒွန်လား" ဟုဆိုရင်း သူ့ကို ဟားနေ၏ ။

ထိုအခါမှပဲ စာအုပ်အဟောင်းဆိုင်က သူငယ်ချင်း ပြောလိုက်တဲ့စကားကို သူသတိရ သွားသည်။

"(sputnik) အဟောင်းတွေ ရနိုင်မလားကွာ" ဟု သူကမေးသည့်အခါ စာအုပ်အဟောင်းရောင်းသည့် သူငယ်ချင်းက

"ဆိုဗီယက် ပြည်ထောင်စုကြီး ပြိုကွဲတာကြာပြီ၊ မင်းက အခုမှ (sputnik) တွေ ဟောင်းနွမ်းစုတ်ပြတ် နေတာမှ ရှာတဲ့အကောင်" ဟု သူ့ကိုပြော၏ ။

သည်သူငယ်ချင်းက အီကိုနှင့် ဘွဲ့ရပြီး စာအုပ် အဟောင်းရောင်းသည့် အလုပ်တစ်ခုသာ လုပ်တတ်သော သူငယ်ချင်း ဖြစ်သည်။ သူလည်း ဒီကောင့်ထိပ်ကို လက်သီးနှင့် ထုပြီး ပြန်လှည့်ထွက်အလာ ဆယ်မာဟေးယက်နှင့် တွေ့ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့မှာ ပဲ ဆယ်မာဟေးယက်ပါးပေါ်က မှဲ့လေးတစ်လုံးကို ဒုတိယအကြိမ် သူပြန်တွေ့ခဲ့ပြီး ဆယ်မာဟေးယက်ကို သူကြွေခဲ့သည်။ (နောက်တော့ ဆယ်မာဟေးယက် ဘယ်ဘက်ပေါင်မှာ သည့်ထက်ကြီးသည့် မှဲ့ကြီးတစ်လုံး ရှိသေးသည်ကို သူသိသွားခဲ့ပါသည်။)

ထိုအချိန်မှစပြီး ဆယ်မာနှင့် တွေ့ချင်စိတ်တွေ ခဏ ခဏ ဖြစ်ပေါ်လာတတ်သည်။ တစ်ခါတစ်ရံ ဆယ်မာရှိသည့် ဆိုင်ကိုသူသွားသည့်အခါ သူ့ထက်ရုပ်ဖြောင့်သော ငနဲတစ်ကောင်က ဆယ်မာနှင့် တွဲ နေပြန်သည်။ ထိုအခါမျိုး မှာ သူကလည်း ဆယ်မာ့ကို မသိချင်ယောင်ဆောင်နေပြီး ဆယ်မာကလည်း သူ့ကို မသိချင်ယောင် ဆောင်နေခဲ့သည်။ နောက်တော့လည်း ထိုလူဟာ ရုပ်ရှင်မင်းသားပေါက်စ တစ်ယောက် ဖြစ်ပြီး၊ ဆယ်မာ့ကိုဝယ်ဖို့ ကြိုးစားနေသူ ဖြစ်ကြောင်း သူသိသွားခဲ့သည်။ ထိုလူ့မှာ ဇနီးနှစ်ယောက် ရှိကြောင်းကိုလည်း ဆယ်မာသိ သည်ဟုဆိုပါသည်။

ဒါပေမယ့် ဆယ်မာက ထိုလူ့ကို အပြီးအပိုင် မရောင်းခဲ့ပါ။ ဘာကြောင့်

လည်းဆိုတော့ ထိုလူက ငွေရေး ကြေးရေး လက်ခက်သော ကြောင့် ဟု ဆိုပါသည်။

နောက်ပိုင်းတော့လည်း သူလည်း ဆယ်မာဟေးယက်နှင့် ဝေးခဲ့ပါသည်။ နောက်ဆုံးတွေ့သည့်နေ့က ဆယ်မာ သူနှင့် လိုက်လာမည် လုပ်ပြီးမှ အခြားတစ်ယောကနှင့် လိုက်သွားခဲ့သဖြင့် သူဒေါသထွက်ပြီး ကျန်ရစ်ခဲ့သည်။

နောက်နေ့ သူ ဆယ်မာ့ဆိုင်ကို သူဖုန်းဆက်သည်။ ဆယ်မာဆိုင်ကို မလာဘူးဟု ဖုန်းကိုင်သူက ပြောသည့်အခါ။

“ ဘာ ဖြစ်လို့လည်း၊ သေသွားပလား” ဟု ဖုန်းထဲမှ သူအော်ပစ်လိုက်သည်။ တစ်ဖက်ကလည်း...။

“ သေရင်ကောင်းတာပေါ့၊ သေသွားရင် အကောင်းဆုံးပဲ ” ဟု သူ့ကိုပြန်အော်သည်။ သူလည်းဖုန်းကို ခွပ်ကနဲချပစ်လိုက်သည်။ ပြီးမှ ထိုအသံဟာ ဆယ်မာ့အသံ ဖြစ်ကြောင်း သူသတိရ သွားပေမယ့် ထိုနေရာက၊ ချာကနဲ လှည့်ထွက်လာခဲ့ပါသည်။ ထိုနေ့မှစပြီး ဆယ်မာ့ဆိုင်ဘက်ကို သူခြေဦးမလှည့် ဖြစ်တော့ပါ။ ဒါပေမယ့် နယူးရီးယားနိုက် ဆယ်မာနှင့် တွေ့စဉ်က ဖွင့်ခဲ့သော (Tonight) သီချင်းကို ကြားသည့်အခါတိုင်း ဆယ်မာ့ကို သူသတိရနေမိ၏ ။

တစ်ခါ တစ်ခါ ပန်းဆိုးတန်းမှာ နိုင်ငံခြားသားတွေ နှင့် ဆယ်မာကိုတွေ့သည်။ တစ်ခါတစ်ခါ အသက်ကြီးကြီး အဘိုးကြီး တစ်ယောက် ကားပေါ်မှာ ဆယ်မာ့ကိုတွေ့သည်။ တစ်ခါ တစ်ခါ သူ့ကိုအပိုင်ဝယ်ချင်သည့် ရုပ်ရှင်မင်းသားပေါက်စ နှင့် ဆယ်မာ့ကို တွေ့ပြန်သည်။ ဆယ်မာ့ကို ထိုသို့ တွေ့ရသည့်အခါတိုင်း....။

“ ကျွန်မတို့က သိပ်ဆင်းရဲခဲ့တယ်၊ အဖေက ဆင်းရဲတဲ့ ရောဂါ နဲ့သေတယ်၊ ကျွန်မလေ မသေခင် အမေ့အတွက် မာစီးဒီးတစ်စီးနဲ့ တိုက်တစ်လုံးဆောက်ပေးခဲ့ချင်တယ် ” ဆိုသည့် ဆယ်မာ့စကားကို သူကြားမိနေ ပြန်၏ ။

***

ည ကတော့ မဂ္ဂဇင်းတစ်စောင်ထဲမှာ အတ္တကြီးသည့် လူ တစ်ယောက် အကြောင်းကိုဖတ်ပြီး သူအိပ်ပျော်သွားခဲ့သည်။ သည်လူ ဘယ်လောက်အတ္တကြီးသလဲဆိုရင် အတ္တက သူ့ကိုယ်နှင့် မဆန့်တော့လို့ သူ့ကိုယ်ကထွက်ပြီး အပြင်မှာ နေရသည်ဟုဆို၏ ။

"နှောင် နှစ် ထောင်ခုနှစ် မှာ ဆိုရင် လူတွေ တစ်ကိုယ် ထဲမဟုတ်ဘဲ နှစ် ကိုယ် ဖြစ်လာကြတော့မယ်ကွ။ တစ်ကိုယ်ကဒီကောင်၊ တစ်ကိုယ်က ဒီကောင့်ရဲ့ အတ္တ၊ ဒီဘက်ရာစုမှာ လူတွေ ရဲ့ အတ္တကသေးတယ်။ နှစ် ထောင်ခုနှစ် ကျော်မှာ တော့ လူတွေ ရဲ့ အတ္တက တဖြည်းဖြည်းကြီးလာပြီ။ အတ္တအားကြီးလာတဲ့အခါ လူ့ကိုယ်မှာ နေမရတော့ဘဲ၊ အပြင်ကိုထွက်လာတော့မယ်။ ဒီအခါအတ္တခိုင်းရာကိုပဲ လူတွေ က လုပ်ရတော့မယ်။ အခု ငါဟာ ပထမဦးဆုံးမင်းကိုယ်က ထွက်လာတဲ့အတ္တပဲ "

ထိုလူရဲ့ အတ္တကထိုလူ့ကို ပြောသည်ဟုဆို၏ ။ သည်လိုနှင့် ပဲ အိပ်ပျော်သွားလိုက်တာ၊ အိပ်မက်ထဲမှာ ဆယ်မာဟေးယက် သေဆုံးသည်နှင့် ဆုံခဲ့သည်။

ဟုတ်သည်။ အိပ်မက်ထဲမှာ ဆယ်မာဟေးယက် အေအိုင်ဒီအက်(စ်) နှင့် ဆုံးသည်။ သူမအသုဘကို သူအပါအဝင် သူမကို ဝိုင်းကန်ခဲ့ကြသော ဘောလုံးသမားအားလုံးပါ လိုက်ပို့ကြသည်။

သည်လူတွေ ရဲ့ မျက်နှာဟာ ဆယ်မာဟေးယက် သေဆုံးသည်ကို ဝမ်းနည်းသည်ထက်၊ သူတို့ကိုယ်မှာ အိပ်ချ်အိုင်ဗွီပိုးတွေ ထားခဲ့သည်ကို ဆယ်မာဟေးယက်ကို ထိတ်လန့်တုန်လှုပ်စွာ လိုက်လံနှုတ်ဆက်နေကြသည်နှင့် တူ၏ ။ အခေါင်းကိုဖွင့်တော့ ဆယ်မာဟေးယက်က သူတို့အားလုံးကို အောင်နိုင်သည့်အပြုံးနှင့် ပြုံးပြနေသည်။

အပြန်မှာ တော့ သူကောထိုလူတွေ ပါ ဝမ်းနဲခြင်း အထိမ်းအမှတ်ဖြင့် ၊ (၃၈) လမ်းက မန္တလေး ဘီယာစင်တာမှာ ဘီယာဝင်သောက်ကြသည်။ သည်ထဲမှာ ဆယ်မာ့ကို အပြီးအပိုင် ဝယ်ချင်သော ရုပ်ရှင် မင်းသားပေါက်စက ဗွန်း၊ ခက်ရင်းတစ်စုံ နှင့် လွှတစ်ချောင်းကို တောင်းသည်။

ပြီးတော့ သူ့ဦးခေါင်းခွံကို လွှဖြင့် ဖြတ်ပြီး ဦးနှောက်တွေ ကို ဘီယာနှင့် မြည်

းဖြစ်နေသည်။ ဘေးလူတွေ က “ ဟော့လူ ဦးနှောက်တွေ ကုန်ရင် ခင်ဗျားဘာလုပ်စားလို့ ရတော့မှာ လဲ၊ နည်းနည်း ချန်ထားဦး ” ဟုပြောသည့်အခါ....

“ ကျုပ်ဦးနှောက်မသုံးဘဲ လုပ်ခဲ့တာ ကြာပြီဗျ၊ လူ တစ်ယောက် မှာ ဦးနှောက်ဟာ အပို ဖြစ်နေခဲ့ရင် ဒီဦးနှောက်ကို ဝန်ထုပ်ဝန်ပိုးအ ဖြစ်ထားဖို့ မလိုတော့ဘူး ။ ဦးခေါင်းတစ်လုံးဟာ ဦးနှောက်တွေ နဲ့ ဝန်ပိမနေသင့်ဘူး။ ခင်ဗျားတို့လည်း ဘာထူးလို့လဲ၊ ဆယ်မာဟေးယက်နဲ့ ပတ်သက်လာရင် ဘယ်သူမှ ဦးနှောက်သုံးတဲ့သူတွေ မဟုတ်ဘူး။” ဟု ဒီလူက ဆို၏ ။

ပြီးတော့မှ “ကျုပ်မေ့နေတယ်၊ ကျုပ်အလုပ်လုပ်တိုင်း ငွေကိုပဲသုံးခဲ့တာ၊ ဦးနှောက်နဲ့ နှလုံးသား ကိုသုံးဖို့တောင် မေ့နေတာကြာပြီ။

“ခင်ဗျားမှာ က ဦးနှောက်ကော နှလုံးသားပါ ရှိနေသေးတော့ ကျတဲ့ဘီယာဖိုးတွေ ကို ခင်ဗျားရှင်း၊ ဒီလိုမှ မရှင်းချင်ရင် ခင်ဗျားခေါင်းကို လွှနဲ့တိုက်” ဟုသူ့ကိုပြောနေသည်။

သူလည်း သူ့ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သည့်အခါ သူ့ပိုက်ဆံအိတ်ထဲမှာ ငါးရာတန်တစ်ရွက်သာ ကျန်တော့သည်။ဒီငါးရာတန်က နောက်ထပ်စာမူခတစ်ခု မရမချင်း၊ ဒါမှမဟုတ် အိမ်ကပိုက်ဆံမပို့မချင်း၊ သုံးဖို့ချန် ထားသော ပိုက်ဆံ ဖြစ်သဖြင့် ထုတ်ပေးရမှာ ဝန်လေးနေ၏ ။

သည့်အချိန်မှာ ပဲ သည်လူတွေ ရဲ့ ကိုယ်ထဲကအတ္တ ကောင်တွေ ထွက်လာပြီး သူ့ကိုဝိုင်းချုပ်လိုက်ကြသည်။ ပြီးတော့ သူ့ဦးခေါင်းခွံကို လွှနှင့် ဝိုင်းတိုက်ပြီး ဦးနှောက်တွေ ကို ကော်ထုတ်ပစ်လိုက်သည်။

“ဟော့လူတွေ ကျုပ်စာရေး ဆရာဗျ၊ ဒါနဲ့ပဲ ကျုပ်လုပ်စားနေတာ အဲဒါတွေ မလုပ်ပါနဲ့” ဟု သူအော်နေချိန်မှာ ပဲ ဦးနှောက်တွေ လည်း အကုန်လုံး ကော်ထုတ်ပြီးနေခဲ့သည်။

အိပ်ရာကနိုးတော့ အခန်းတစ်ခန်းလုံးကို နေရောင် တွေ က ဝါးမျို စားသောက်နေ၏ ။ ခေါင်းတွေ ထိုးကိုက်နေသဖြင့် သူ့ဦးခေါင်းကို ခေါက်ကြည့်သည့်အခါ

သူ့ဦးခေါင်းဟာ မှုံးသီးခြောက်တစ်လုံးလို အခွံချည်းသက်သက် ဖြစ်လျက်ရှိနေသည်။ ထိပ်လန့်တုန်လှုပ်စွာ ခြင်ထောင်ထဲက အပြင်ထွက်လိုက်ချိန်၊ သူ့စာဖတ်ကုလားထိုင်မှာ သူနှင့် ချွတ်စွပ်တူသော လူ တစ်ယောက် ကို တွေ့လိုက်ရပြန်သည်။ ထိုလူက အောက်ပါ အတိုင်း ပြောလိုက်သည့်အခါမှာ တော့ သူ့ကိုလည်း အရုပ်ကြိုး ပြတ် ကုတင်ပေါ်သို့ ပြန်လဲကြ သွားတော့၏ ။

"စောင့်လိုက်ရတာ ဗျာ၊ ခင်ဗျားကို စကားပြောဖို့ ခင်ဗျား ကိုယ်ထဲက ကျုပ်ထွက်လာတာ သုံးနာရီ တောင်ကြာပြီ၊ ကျုပ်လည်း ခင်ဗျားကိုယ်နဲ့မဆန့်လို့ ခင်ဗျားကိုယ်ထဲမှာ မနေနိုင်တော့လို့ပါ။ခင်ဗျားပဲ ကျုပ်ကို ကြီးအောင်မွေးခဲ့တာမဟုတ်လား။ ခုတော့..."

***

ထိုအချိန်မှ စပြီး ကမ္ဘာပေါ်ရှိ လူတိုင်းမှာ အိပ်ရာ ထတိုင်းအတ္တကိုယ်ပွားတွေ မွေးလာကြသည် ဟုဆို၏ ။

***

ရန့်သစ်မဂ္ဂဇင်း ( ၁၉၉၇)

# ကြယ်ကြွေညများ

အေးစက်စက် ဆောင်းလက်ကြမ်းများ ကျွန်တော့် ကိုယ်ပေါ်ကုတ်ခြစ်နေဆဲမှာ ပဲ အဝေးဆီမှ နွေဦး၏ အပူ လှိုင်းများ ကို ကျွန်တော် လှမ်းမြင် လိုက်ရ၏ ။

ပတ်ဝန်းကျင်မှာ နွေ၏ ပိုးကောင်များ က ထရှိုင်မြို့ ကို သိမ်းပိုက်မည့် ဂရိစစ်သည်တော် တွေ လို ကိုယ်ယောင်ဖျောက်လျက်ရှိနေကြတာ သေချာနေသည်။ ကျွန်တော် စိတ်ထင်ရာ ပြောနေခြင်း မဟုတ်ပါ။ မီးရောင် အောက်မှာ ဆေးရုံရှေ့မှ မဟော်ဂနီရွက်များ အထွေးလိုက်ကြွေကျသွားသည်ကို ကျွန်တော် မြင် လိုက်သော ကြောင့် ဖြစ်သည်။

အချိန်ဆိုတဲ့ ငှက်ပြာတစ်ကောင်ကို ဘယ်လိုပိုက်ကွန်နှင့် မှ ဖမ်းဆီးမရနိုင်မှန်း ကျွန်တော် သိနေသည်။ ရေခဲခေတ် မတိုင်မီ၊လွန်ခဲ့တဲ့ နှစ် သန်းပေါင်းသုံးဆယ်ကျော် အော်လီဂိုဆင်းခေတ်က ပီးနပ်ဆူဆင်နီဖီးယား ထင်းရှူးပင်ရဲ့ သစ်စေးတွေ ကို ပယင်း ဖြစ်စေခဲ့တာလည်း ဒီအချိန်တွေ ပဲ ဖြစ်သည်။အင်အား ကြီးမားတဲ့ ဒိုင်နိုဆော တွေ ကိုပဲ ဖြစ် ဖြစ်၊ ဂျင်ဂျစ်ခန်ကိုပဲ ဖြစ် ဖြစ်၊ နပိုလီယံကိုပဲ ဖြစ် ဖြစ်၊ ဒီကမ္ဘာမြေပြင်ပေါ်က အပြီးတိုင် မောင်းထုတ် ခဲ့တာလည်း အချိန်တွေ ပဲ ဖြစ်သည်။ မက်ခီရာဗယ်လီကို ခွေးသေတစ်ကောင်လို လည်ပင်းက ကြိုး နဲ့ဆွဲပြီး အဝီဇိကိုမောင်းသွင်းသွားတာလည်း ဒီအချိန်တွေ ပဲ ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် ဒါတွေ ကို ကျွန်တော် တွေး နေဆဲမှာ ပဲ အချိန်ဆိုသည့် ပျော့ပြဲပြဲလက်တစ်ဖက်က ကျွန်တော့် သမီးလေး ခန္ဓာကိုယ်ကို လျင်မြန်စွာ ရစ်ပတ်ကိုင်ဖျစ်ညှစ်နေမှန်း ကျွန်တော် သိနေသည်။ ဒါတွေ ကိုမြင်လျက်နှင့် ဘာမျှမလုပ်နိုင်ဘဲ သမီးလေးဘေးမှာ အသာလေးသာ ကျွန်တော် ထိုင်ကြည့်နေရသည်။

ပြီးတော့ တလောက ဆုံးသွားသည့် သမီးကြီးသူငယ်ချင်း အကြောင်းက ခေါင်းထဲဝင်လာသည့်အခါ ကျွန်တော် အတုန်အလှုပ်ကြီး တုန်လှုပ်ရပြန်သည်။ ရှင်းရှင်းပြောရလျှင် ဒီကောင်မလေးကို ကျွန်တော် ကြည့်မရပါ။ အိမ်ကို ဒီကောင်မလေး ရောက်လာလျှင် အသံစာနေတတ်ပြီး အနေအထိုင်ရဲသော ကြောင့် ကျွန်တော် မကြိုက်ခဲ့ခြင်း

ဖြစ်သည်။

ဒါပေမယ့် ဒီလိုသာ စောစောစီးစီး လူ့ဘဝက ထွက်ခွာသွားရမည် ကို ကြို သိနေခဲ့လျှင်တော့ ဒီကောင်မလေးကို ကျွန်တော် ခွင့်လွှတ်နိုင်ကောင်းခဲ့ပါသည်။ အခုတော့ ဒီကောင်မလေး မရှိတော့ပါ။ ဒီတစ်ခါ အိမ်ကိုလာလည်လျှင် မင်းပျော်သလို နေပါသမီးလေးဟု ကျွန်တော် မပြောနိုင်တော့ပါ။ ကောင်မလေး အဖေ ဖြစ်သူမှာ တစ်ဦးတည်းသော သမီး ဖြစ်သဖြင့် ကောင်မလေး ဆုံးတုန်းက ငိုပြီးတက်သွားသည်ဟု ဆိုပါသည်။

ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်နှင့် သွေးတိုးခဲ့သည်။ ဆေးခန်းကိုပြသည်။ ဆေးရုံတက်ရမည် ဆိုသဖြင့် ဆေးရုံတက်သည်။ ဆေးရုံတက်ပြီး ရောဂါ မသက်သာခဲ့။ ကျောက်ကပ်မှာ ထိခိုက်နေသည်ဟုဆိုသည်။ မျက်နှာတွေ ဖောရောင် လာသည်။ ဦးနှောက်အမှေးပါး ရောင် ပြန်သည်။ တဖြည်းဖြည်းနှင့် ဘယ်ဘက်ခြေ ထောက်တစ်ချောင်း လှုပ်မရတော့။ ကောင်မလေးက ခုနစ် တန်း။ အသက်က ဆယ့်သုံးနှစ် ။ စာမေးပွဲကျမှာ ကြောက်သည်။ ဆေးရုံကို စာအုပ်တွေ ယူလာပြီး စာကျက်သည်။ ဆေးရုံကို စာအုပ်တွေ ယူ လာပြီး စာကျက်သည်။

ဒါပေမယ့် အချိန်ဆိုသည့် မြွှေတစ်ကောင်က သူမကိုယ်ထဲဝင်ရောက်ပြီး သူမအသွေးအသားတွေ ကို စုပ်ယူ ဝါးမြိုပြီး ဖြစ်နေသည်။

“မရတော့ဘူး။ အိမ်ကိုပြန်ခေါ်သွားရင် ကောင်းမယ်။ ပြန်ခေါ်ချင် ခေါ်လို့ရတယ်”

မရတော့မှန်းသိလျက်နှင့် ဆရာဝန်ဆီက အတည်ပြုစကားကြားရသည့်အခါ အဖေလုပ်သူကော၊ အမေလုပ်သူကော၊ အဖွားလုပ်သူပါ မတ်တပ်ကလဲမကျသွားအောင် မနည်းထိန်းထားကြရသည်။ ဆောင်း လေတွေ ကတော့ ဒီအ ဖြစ်တွေ ဟာ သူတို့နှင့်ဘာမျှမဆိုင်သလို အေးတိအေးစက်။

လာကြည့်ကြတဲ့ အတန်းဖော်သူငယ်ချင်းတွေ က ခပ်အုပ်အုပ်လေး မျက်ရည်ကျသည်။ ကောင်းမ လေးကိုချစ်နေတဲ့ ခပ်ချောချောကောင်လေးက အံတွေ ကြိတ်ပြီး

မျက်ရည်တွေ ဝဲနေသည်။ လွန်ခဲ့တဲ့တစ်လ လောက်ကပဲ ကောင်းမလေးက သူမပန်တော် ကျ နှင်းဆီနီနီလေးတစ်ပွင့် သူ့အားပေးခဲ့သည်ကို သတိရ သည့်အခါ ကြေမွနေသည့် မျက်ရည်တစ်စက်က ဆေးရုံကြမ်းပြင်ပေါ်ကို အရှိန်ပြင်းစွာ ပြိုကျသွားသည်။

"ဒါဟာ လုံးဝမ ဖြစ်နိုင်ဘူး။ ဗွန်သေတော့မယ်ဆိုတာ လုံးဝမ ဖြစ်နိုင်ဘူး၊ လွန်ခဲ့တဲ့တစ်လကျော်ကျော် ကပဲ သူဟာ အကောင်းကြီးရှိသေးတာ။ ဒါဟာ လုံးဝမ ဖြစ်နိုင်ဘူး"

ကောင်းလေးက သူ့ဖာသာသူ စိတ်ထဲတွေ းနေပေမယ့် အချိန်ဆိုသည့် သွေးစုတ်ကောင် ကတော့ ကောင်မလေး ကိုယ်က သွေးတွေ ကို အစွမ်းကုန် စုပ်ယူဝါးမျိုခဲ့ပြီး ဖြစ်သည်။

"အဖေရယ် ဗွန်အခြေအနေမကောင်းဘူးတဲ့။ သမီးတို့သွားကြည့်တော့ ဆေးရုံကနေ အိမ်ကိုပြန်ခေါ် ရတော့မယ်တဲ့ ပြီးတော့ သူ့ကိုသွင်းထားတဲ့ပိုက်တွေ ကလည်း အများ ကြီး"

သည်အကြောင်းတွေ ကို သမီးကြီးလာပြောတော့ ဗွန်ဆိုသည်ကို ကျွန်တော် မမှတ်မိ။

"ဘယ်ကဗွန်လဲ သမီးရဲ့ "

"အိမ်ကိုလာလည်ရင် စကားသိပ်များ တဲ့ ဗွန်လေ၊ အဖေကတောင် အဲဒီ ကောင်မလေး ငါကြည့်မရဘူး ပြောတဲ့ ဗွန်လေ"

"အဖေ အဲဒီ လို ပြောခဲ့လား"

"ပြောခဲ့တာပေါ့၊ ဒါပေမယ့် ဗွန်က ပျော်တတ်ပြီး ပွင့်လင်းတာသက်သက်ပါ။ သူက စာလည်းတော် ပါ တယ်။ အခု သူသေတော့မယ်တဲ့ အဖေ"

ဘုရားရေ .... လောကကြီးက စောစီးစွာ ထွက်ခွာသွားရမယ့် ကလေး တစ်ယောက် ကို ကျွန်တော် ဒီလိုပဲပြောခဲ့မိပါသလား။ ဖူးစပွင့်စအချိန်မှာ

အစွမ်းကုန်ပျော်နေတဲ့ ပန်းလေးတစ်ပွင့်အပေါ် ကျွန်တော် ဘာ ကြောင့် ခွင့်မလွှတ်၊ နားမလည်နိုင်ခဲ့ပါလိမ့်။

အိမ်ကိုပြန်ရောက်ပြီးနှစ် ရက်အကြာမှာ ကောင်မလေးဆုံးသည်။ တစ်ဦးတည်းသော သမီး၊ အချစ်ဆုံး သမီး ဖြစ်သဖြင့် အဖေလုပ်သူမှာ ငိုရင်း၊ တက်သွားသည်ဟု ဆို၏ ။ လောကမှာ ဆုံးရှုံးမှု များ စွာ ထဲက အပြင်းစားဆုံးရှုံးမှု ဆိုတော့ သူဘယ်လိုမှ ခံနိုင်ရည်မရှိမှာ ကို ကျွန်တော် နားလည်နိုင်ခဲ့သည်။

ဂုဏ်သိက္ခာအစော်ကားခံရမှု ၊ စီးပွားပျက်မှု အစရှိတဲ့ ဆုံးရှုံးမှု တွေ ထက် နှိုင်းယှဥ်မရတဲ့ ဆုံးရှုံးမှု ၊ ဘာ နှင့်မှမဆိုင်တဲ့ ဆုံးရှုံးမှု တစ်ခုပဲ ဖြစ်သည်။ ကျွန်တော် သာဆိုလျှင် အို ... ဆက်မတွေ းရဲပါ။

ဘာပဲ ဖြစ် ဖြစ် အချိန်ဆိုတဲ့ မကောင်းဆိုးရွားကောင်က သူ့အမှိုက်ကားမှာ သယ်ဆောင်သွားဖို့ ပစ်မှတ် တွေ ကို ပိုက်စိပ်တိုက်လိုက်ရှာနေခဲ့သည်။ အားကြီးလျှင် အားကြီးသလို ခဏကွေ့ရှောင်သွားပေမယ့် အား နည်းသည့်ပစ်မှတ်ကို မြင်ပြီဆိုလျှင်တော့ ချက်ချင်း လိုပဲ မသတီစရာကောင်းသည့် သူ့လက်တွေ နှင့် တစ်ပတ် ပြီးတစ်ပတ်ရစ်ပတ်ထုပ်နှောင်တော့သည်။

“သမီး ဇက်ကြောတွေ သိပ်နာတာပဲဖေဖေ။ ကစားပြီးရင်လည်း အရင်လိုမဟုတ်ဘူး။ မောမောနေ တယ်”

ထိုနေ့က သမီးငယ်ပြောတော့ ငယ်ငယ်ရွယ်ရွယ်နှင့် သမီးလေးမှာ နှလုံး ရောဂါရှိနေပြီလား။ ကျွန်တော် စိုးရိမ်သွား၏ ။

ဒါပေမယ့်....။

“ဒါကြောင့် သမီးကို သိပ်မဆော့နဲ့လို့ အဖေပြောတာ။ သမီးကသိပ်ဆော့တာကိုး” ဟုသာ ပြော ဖြစ်ခဲ့သည်။ တစ်ပတ်လောက်အကြာမှာ တော့ သမီးမျက်နာတွေ ပြည့်နေသည်။ အမေ ဖြစ်သူက...။

"ရှင့်သမီး မျက်နှာတွေ ပြည့်နေတယ်နဲ့တူတယ်" ဟုဆိုမှ သမီးမျက်နှာကို ကြည့်လိုက်မိသည်။ ဟုတ်သားပဲ။ သမီးမျက်နှာတွေ ပြည့်နေပါလား။

"ဆေးခန်းသွားကို သွားလိုက်ကွာ"

ဇနီးသည်ကို ပြောလိုက်သည်။ သားအမိနှစ် ယောက် ဆေးခန်းကိုထွက်သွားပြီး ပြန်ရောက်လာချိန်မှာ တော့ သမီးငယ်သွေးပေါင်တွေ တက်နေသည်တဲ့။ ဘုရားရေ... သုံးတန်းသာရှိသေးသည့် ဒီသမီးငယ်မှာ သွေးတိုးရှိနေပြီတဲ့လား။ တလောကလည်း အကြီးမ ခေါင်းတွေ မူးလို့ ဆေးခန်းသွားပြတော့ သွေးတွေ တိုးတာတဲ့။ အဖေကောအမေပါ သွေးတိုးမ ဖြစ်ဘူးပါပဲ ဒီကလေးတွေ က ဘာကြောင့် သွေးတိုးနေပါလိမ့်။ ဇနီးသည်ပြောသည့်စကားက ကျွန်တော် ကိုယ်တိုင် သွေးတွေ တက်လာစေသည်။

" ဆေးခန်းက ပြောလိုက်တယ်။ ဆေးရုံကို ပို့လိုက်ပါတဲ့။ ဆေးရုံမှာ တင်ထားတာ အကောင်းဆုံးပဲတဲ့။ အချိန်တိုင်း သွေးတိုင်းလို့ရတယ်တဲ့။ ပြီးတော့ ကျောက်ကပ်မှာ ..."

ကျွန်တော် ဘာမျှမကြားတော့ပါ။ တတ်ကျွမ်းနားလည်သူ ဆရာဝန်၏ ညွှန်ကြားချက်အရ ဆေးရုံကို အမြန်ဆုံးတင်ဖို့သာ ကျွန်တော် ပြင်ဆင်ရတော့သည်။ သည်လိုနှင့် ပဲ သမီးလေးဟာ ဆေးရုံကို ရောက်လာခဲ့သည်။ တစ်ရက်၊ နှစ် ရက်၊ သုံးရက်၊ လေးရက်၊ တစ်ပတ်၊ နှစ် ပတ်....။

ဓာရဏာပရိတ်တွေ ကျွန်တော် ရွတ်သည်။ အဘိဏှာသုတ်တွေ ကျွန်တော် ရွတ်သည်။ သရဏဂုံသုံးပါး ပုတီးစိပ်သည်။ ရောက်စက ဆေးရုံဟာ ကြောက်ရွံ့စရာနေရာ။ ရောဂါ သည်တွေ ၊ သေခြင်းတရားနဲ့ လက်လှမ်းနီးသူတွေ ၊ ရှစ်ရှစ်လျှောက်သွားနေတဲ့ မေးခိုင် ရောဂါ ပိုးတွေ ၊ နံရံတွေ မှာ ကပ်နေသည့် အသည်းရောင် အသားဝါ ရောဂါ ပိုးတွေ ၊ နေရာလပ်မရှိ၊ ရောင်ကွင်းမရအောင် ပြည့်ကြပ်နေသည့်နေရာဟု ကျွန်တော် မြင်ခဲ့ပေမယ့် အခုအခါမှာ တော့ ဆေးရုံဟာ ကျွန်တော် နှင့် အသားကျပြီး ဖြစ်နေခဲ့သည်။

ညရောက်တိုင်း တစ်ခန်းလုံးမနေနိုင်အောင် အိပ်ပျော်ရင်းဟောက်နေသည့် လူနာစောင့် တစ်ယောက် ၏ ဟောက်သံကို ကျွန်တော် ခံနိုင်နေပြီ။ ညကြီးအချိန်မတော်

လူ့ဘ၀ကထွက်ခွာသွားသည့် လူနာ တစ်ယောက် အတွက် ပေါက်ကွဲပွင့်ထွက်လာသော လူနာရှင်၏ ငိုကြွေးသံကိုလည်း ကျွန်တော် နားယဉ်နေပြီ။ သွေးတွေ ထပ်ခါတလဲလဲ ဖောက်စစ်ပေမယ့် ရောဂါ ရဲ့ ဇစ်မြစ် ဘာဆိုတာ သေချာစွာ မပြောနိုင်သေးသည့် ဆေးပညာရှင် တွေ ရဲ့ အခက်အခဲကိုလည်း ကျွန်တော် သည်းခံနားလည်တတ်ခဲ့ပြီ။

တကယ်တော့ လောကကြီးမှာ တစ်ခါတလေ ဘာမျှပြင်ဆင်မျှော်မှန်းလို့မရဘဲ ဖြစ်လာသည့်အပေါ်မှာ ဖြစ်သလိုနေသွားရတာ ပဲ အမှန် ဖြစ်၏ ။ အသေချာဆုံးဆိုသည့် ကိစ္စတွေ ဟာ မသေချာခြင်းပင် ဖြစ်၏ ။

တစ်နေ့က လူကြီးအဆောင်မှာ မိတ်ဆွေ တစ်ယောက် ကို သွားကြည့်ခိုက် အဘိုးကြီးလူနာ တစ်ယောက် နှင့် ကြုံ၏ ။ သူ့ဘေးမှာ တော့ သက်တူရွယ်တူအဘိုးကြီးနှစ် ယောက် လာပြီးအားပေးနေသည်။ အဘိုးကြီးတွေ နောက်နေ၊ ပြောင်နေသည်ကိုကြည့်ခြင်းဖြင့် သည်အဘိုးတွေ ဟာ ကာလရှည်စွာ တစ်ယောက် နှင့် တစ်ယောက် စကားပြောဖော်ပြောဖက်၊ အားပြုဖော်ပြုဖက်တွေ ဖြစ်ကြောင်း သိသာနေသည်။

မျှော်လင့်ချက်မရှိသော အဘိုးကြီးကို ကျန်အဘိုးကြီးနှစ် ယောက် က အားပေးနှစ် သိမ့်နေသည်မှာ သေမည့် သူကို လာလိမ်နေသည်နှင့် ပင်တူ၏ ။ ဒါပေမယ့် နောက်နှစ် ရက်လောက်မှာ ပဲ လူနာအဘိုးကြီးက ထူထူထောင် ထောင် ဖြစ်လာပြီး လူကောင်းအဘိုးကြီးထဲက တစ်ယောက် မှာ ချက်ချင်း ကြီး ကောက်ကာငင်ကာ ဆုံးသွားသည်ဟု ဆိုသည်။ ကျန် အဘိုးကြီး ကတော့ လောက၏ လှည့်ကွက်ကိုကြည့်ပြီး တုန်လှုပ်ချောက်ချားစွာ ကျန်ရစ်ခဲ့သည်။

ပြီးတော့ ဆေးရုံမှာ လူနာတွေ ကို တစ်ညတစ်ရာနှင့် အငှားစောင့်ပေးသော မိန်းမ တစ်ယောက် ရှိ၏ ။ သူကသာ လူနာတွေ ကို လိုက်စောင့်ပေးနေပေမယ့် သူကိုယ်တိုင် ကတော့ နို့မှာ အကျိတ်တွေ ထွက်ပြီး နို့တစ်ဖက်က အကြီးကြီး ဖြစ်နေသည်။

"ကျွန်မ ဘာ ဖြစ်တယ်ဆိုတာ ကျွန်မသိသားပဲ။ ဒါပေမယ့် ဒါကိုကုဖို့အချိန်

ကျွန်မမှာ မရှိဘူး။ ညစောင့်ခဲ့ တစ်ညတစ်ရာဟာ ကျွန်မမိသားစု စားဝတ်နေရေး၊ ကလေးတွေ ကျူရှင်ကြေး စတာတွေ ကို ဖြေရှင်းဖို့တောင် သိပ်မလုံလောက်နိုင်ဘူး။ ကျွန်မ အိပ်ယာထဲမှာ လဲသွားရင်...။ အို... ဘာပဲ ဖြစ် ဖြစ်... လဲချင်လဲ တစ်ခါတည်းလဲမှပဲ ကျွန်မ ရပ်လို့ရတော့မယ်" ဟုသူကဆို၏ ။

တစ်နေ့လုံး ကုတင်ပေါ်မှာ ပြောမရအောင်ဆော့နေပြီး ညနေဖက်မှာ သမီးလေး သွေးတွေ ထပ် တက်လာ သည်။ အပေါ်သွေးတစ်ရာငါးဆယ်၊ အောက်သွေးတစ်ရာရှိနေသည်။ ဆရာဝန်တွေ ရောက်လာပြီး သွေးကျဆေး (Nife-dipine) ဖိုက် မီလီဂရမ်တစ်လုံး လာတိုက်သွားသည်။ သွေးတက်သဖြင့် မျက်ရည်ပူ တွေ ကျလာပြီး ကုတင်ပေါ်မှာ ခွေနေသည်။ နလုံးခုန်မြန်လာသည်။ မိန်းမ ကတော့ သူ့ဝသီအတိုင်း စိတ်ပျက် ပြီဆိုလျှင် အဖတ်ဆည်မရအောင် မျက်စိမျက်နှာတွေ ပါပျက်နေသည်။ သူ့သမီးအတွက် စိုးရိမ် ထိတ်လန့်နေပုံရသည်။

ဒီလိုနဲ့ပဲ တစ်နေ့လုံးကောင်းနေပြီး ညနေစောင်းချိန် သွေးပေါင်ပြန်တက်လာတာကို စဉ်းစားမရအောင် ဖြစ်နေသည်။ မကြာမီ သမီးငယ် အိပ်ပျော်သွားသည်။ ဇနီးက ခုံရှည်လေးပေါ်မှာ ခွေခွေလေးထိုင်ရင်း မျက်နှာညှိုး လျက်ရှိသည်။

ဆယ့်တစ်နာရီထိုးမှာ တော့ သူလည်း မောပန်းကြီးစွာ အိပ်ပျော်သွားသည်။ ကျွန်တော် သာ မအိပ်နိုင် သေးဘဲ အခန်းတံခါးကိုဖွင့်၍ စင်္ကြံရှေ့သို့ ထွက်လာခဲ့သည်။ အပြင်ဖက်ကို ရောက်သည်နှင့် အေးစက်စက် ဆောင်းလက်ကြမ်းများ က ကျွန်တော့် ကိုယ်ကို လာရောက်ကုတ်ခြစ်ကြသည်။ မြောက်ဖက် ကောင်းကင်မှာ တော့ ကြယ်များ ဟာ အိပ်မှုံ စုံမွှားနှင့် မျက်တောင်ခတ်လျက်...။

ထိုအချိန်မှာ ပဲ တစ်ခန်းကျော်က မိန်းမနှစ် ယောက် ဟာ စင်္ကြံလမ်းအတိုင်းလျှောက်လာပြီး ကျွန်တော့် ကို ဖြတ်ကျော်ကာ ဆေးရုံဝင်းထဲမှ တရွေ့ရွေ့ထွက်ခွာသွားကြသည်။ သူတို့လက်ထဲမှာ တော့ သေဆုံးနေပြီ ဖြစ်တဲ့ လသား ကလေးငယ်အလောင်းက အဝတ်နှင့် ထုပ်လျက်သားပါသွား၏ ။

ကလေးအလောင်းကို ချီသွားတဲ့ မိန်းမရဲ့ ခပ်အုပ်အုပ်ရှိုက်သံက ကျွန်တော်ရင်ကို စပ်ဖျင်းဖျင်း နာကျင် ကျန်ရစ်စေခဲ့၏ ။သူမရဲ့ ပိပိရိရိ စိတ်ကိုချုပ်တည်းနိုင်မှု ကြောင့် လူသား တစ်ယောက် လောကကြီးက ထွက်ခွါသွားသည်ကို သူမအခန်းမှလွဲ၍ ကျန်အခန်းတွေ မသိလိုက်ဘဲ ကျန်ရစ်ခဲ့သည်။

ကျွန်တော် ကတော့ လူ တစ်ယောက် လောကကြီးက ထွက်ခွါသွားတာမြင်တိုင်း ကျွန်တော် တို့ ထွက်ခွါသွားရမည့် နေ့ဟာ ဘယ်လောက်မွှန်းကြပ် ပျော့ပြောင်းနိုင်မလဲ ဆိုတာကိုသာ စဉ်းစားနေမိသည်။

ထိုအချိန်မှာ ပဲ မြောက်ဘက်ကောင်းကင်မှာ ကြယ်တွေ အထွေးလိုက် တစ်ပြိုင်နက်တည်း ကြွေကျသွား တာကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။

မြန်မာ့ရပ်ရှင်မဂ္ဂဇင်း (၁၉၉၅)

# အစွန်းအထင်းများ

ဘယ်အချိန်က ကွမ်းကို စ,စားမိမှန်းမသိပေမယ့် သူ့ကိုယ်သူ သတိထားမိသည့်အချိန်မှာ သူဟာ ကွမ်းစွဲ သော လူ တစ်ယောက် ဖြစ်၍ နေပြီ ဖြစ်၏ ။

သည်ကွမ်းကြောင့် ပဲ သူ့သွားတွေ ဟာ ကွမ်းချေး အထပ်ထပ်တက်ပြီး သူ့အင်္ကျီမှာ လည်း ကွမ်းသွေး အစက်တွေ က မကြာခဏ ညစ်ပေနေတတ်ပြန်၏ ။ ဒါကြောင့် ပဲ ဆရာတော် ကြီးတစ်ပါးက လျှာကိုအလို မလိုက် နှင့် ဟု ဆိုခဲ့ခြင်း ဖြစ်မည် ထင်သည်။ လျှာကိုအလိုမလိုက်နှင့် ဆိုတာ စိတ်ကိုအလိုမလိုက်နှင့် ဟု ပြောတာပဲ ဖြစ်၏ ။ စိတ်ဆိုတာကလည်း မကောင်းမှု ၊ မတရားမှု မှာ ကျက်စားတတ်သော ကြောင့် ဖြစ်သည်။

အခုလည်း သူဟာ ကွမ်းတံတွေ းကို လမ်းပေါ်မှာ ပြစ်ကနဲထွေးချပြီး စောစောက မဂ္ဂဇင်းအယ်ဒီတာ တစ်ယောက် ကို သူရေး ပေး ဖြစ်ခဲ့သော စာအကြောင်းအား စဉ်းစားနေမိပြန်သည်။

လူ တစ်ယောက် ၏ တန်ဖိုးဆိုတာ ဘာလဲဆရာ...။ လူ့ တန်ဖိုးကို ဆရာဘယ်လိုမြင်ပါသလဲ...တဲ့။

စာမူခထုတ်ယူဖို့ အသွားမှာ ပဲ အယ်ဒီတာက သူ့ရှေ့ကို စာရွက်လေးတစ်ရွက် ချပေးသည်။ ပြီးတော့ သူ့မဂ္ဂဇင်းမှာ ထိုအကြောင်းနှင့် ပတ်သက်ပြီး စာရေး ဆရာတွေ ရဲ့ အယူအဆကို ဖော်ပြသွားရန်ဟုဆိုကာ ထိုမေးခွန်းကိုပေးသည်။

"လူ တစ်ယောက် ရဲ့ တန်ဖိုး"

အယ်ဒီတာ၏ စာကို ဖတ်မိမှပဲ လူ တစ်ယောက် ၏ တန်ဖိုးဆိုတာဘာလဲဟု သူစဉ်းစားမိသည်။ သူဟာ လူ တစ်ယောက် ၏ တန်ဖိုးဆိုတာကို ကြီးကြီးကျယ်ကျယ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပါဘူး။

ဒါ့ကြောင့် ပဲ ရုတ်တရက်အဖြေပေးဖို့ကြုံသည့်အခါ သူဘာကိုရေး ချရမည် ကို အဆင်သင့်မ ဖြစ်ခဲ့။ ဘာပဲ ဖြစ် ဖြစ် စာရေး ဆရာဆိုသည့်သိက္ခာကို ဆည်သည့်အနေနှင့်

တစ်ခုခုတော့ ရေး ချပေးဖို့လိုမည် ။ ချက်ချင်း ပဲ သူရေး ချလိုက်တဲ့စာဟာ သူ့ရဲ့ တန်ဖိုးကိုဖြတ်သည့် စာ ဖြစ်မည် ကို တွေ းမိပြန်သည်။

ရေး ခိုင်းသူက ရေး ခိုင်းမှတော့ ရေး ပေးသူက ရေး ပေးရမှာ ပဲ။ သူ့အိတ်ထဲက မင်ကုန်ခါနီး နေတဲ့ ယူနီဘောပင်ကိုထုတ်ပြီး စာရွက်ပေါ်မှာ ရေး ချကာ အယ်ဒီတာရှေ့မှ သူလှည့်ထွက်လာခဲ့သည်။

သူရေး ချခဲ့တာက-

"ကျုပ်မသိဘူး" ဟူ၍ ဖြစ်သည်။

သူရေး ပေးတာကိုဖတ်ခါ အယ်ဒီတာဟာ သူ့နောက်ကျောကို လှမ်းကြည့် ကျန်ရစ်ခဲ့မည် ကို သူသိပေမယ့် မဂ္ဂဇင်းတိုက်ကနေ ခပ်မြန်မြန်လေး သူ ထွက်ခွာလာခဲ့သည်။ သည်အယ်ဒီတာဟာ သူ့ကို ဘယ်တော့မှ တစ်ခါတည်းနှင့် စာမူခ သုံးရာလောက်ပင် တန်ဖိုးမရှိသော အယ်ဒီတာလည်း ဖြစ်နိုင်သည်။

အခုတော့လည်း စာမူခရပြီးပြီမို့ လမ်းပေါ်မှာ လွတ်လပ်ပေါ့ပါးစွာ သူလျှောက်လာခဲ့ပြန်သည်။

ဥသြငှက်၏ တေးသံကြောင့် ပဲလား၊ နွေဦး၏ လက်ပူမိလို့ပဲလားမသိ၊ ပျဉ်းမရွက်တွေ က နီညိုရောင် လိုက်ခါ အထွေးလိုက်ကတ္တရာလမ်းပေါ်ကို ကြွေကျနေသည်။

ကားမှတ်တိုင်ကိုရောက်တော့ ယောက်ျား တစ်ယောက် ဟာ ကားစောင့်နေသည့် မိန်းမ တစ်ယောက် ၏ ခန္ဓာကိုယ်တစ်ခုလုံးကို စားတော့ဝါးတော့မည် အတိုင်း စူးစူး ရဲရဲစိုက်ကြည့်နေလိုက်တာ။

ထိုမိန်းမ ကတော့ ထိုအကြောင်းကိုမသိဘဲ ကားလာမည့် ဖက်ကိုသာ စောင့်ကြည့်နေသည်။ လူ တစ်ယောက် ဟာ ပတ်ဝန်းကျင်ကို ဂရုမပြုနိုင်လောက်အောင် သူ့စိတ်ကိုသူ ဘာကြောင့် များ လွှတ်ချထားပါလိမ့်။

ထိုမိန်းမကလည်း ဝတ်ထားလိုက်တာ သူ့ခန္ဓာကိုယ်မှာ ရှိတဲ့ အဖုအဖောင်းတွေ

ကို အိတ်သွန်ဖာမှော က် ခင်းကျင်းပြသထားသလိုမျိုး ။ ဒါဟာလည်း သူမတန်ဖိုးကို လူကြားထဲမှာ ခင်းပြထားတာနှင့် မတူပေဘူးလား။

ထိုအချိန်မှာ ပဲ သူရဲ့ ရှေ့ကို သူ့အသိထုတ်ဝေသူနှင့် စာရေး ဆရာမ လင်မယားနှစ် ယောက် ရောက်လာ ကြ၏ ။ သူတို့နှစ် ယောက် ခေါ်သဖြင့် မှတ်တိုင်နားက လက်ဖက်ရည်ဆိုင်ကို သူပါသွားပြန်၏ ။ လက်ဖက်ရည် သောက်ရင်း မဂ္ဂဇင်းတစ်ခု ရောင်းအားကျကြောင်းနှင့် သူ့မိန်းမအတွက် လေးထောင်တန် ဖိနပ်ဝယ်ခဲ့တာ စျေးများ သွားလား မသိကြောင်း ပြောပြနေသည်။ သည်လိုနှင့် အတော် ကြာအောင် စကားလက်ဆုံကျပြီး ချိန်မှာတော့ ထိုထုတ်ဝေသူက ဆေးလိပ်တစ်ပွဲကိုထပ်မှာ ၏ ။ ပြီးတော့ “ခင်ဗျားရှင်းလိုက်နော်” ဟုဆိုကာ လက်ဖက်ရည်ဆိုင်မှ ထွက်ခွာသွားကြသည်။

ခေါ်တုန်းကခေါ်ပြီး ရှင်းခိုင်းတော့ သူ့ကိုရှင်းခိုင်းသည့် လက်ဖက်ရည်တစ်ခွက်လောက်တောင် တန်ဖိုး မရှိသော ထိုလင်မယားနှစ် ယောက် ကို ကြည့်ပြီး စာစောက လူ တစ်ယောက် ၏ တန်ဖိုးဆိုတာကို သူ တွေးနေ မိသည်။ တချို့လူတွေ ကျတော့လည်း လက်ဖက်ရည်တစ်ခွက်လောက်တောင် တန်ဖိုးမရှိပါလား....။

ထိုညမှာ ပဲ သူဟာ သူနှင့် မတွေ့တာကြာပြီ ဖြစ်တဲ့ သူငယ်ချင်း တစ်ယောက် အိမ်ကို ရောက်သွားခဲ့၏ ။ တကယ်ဆို ထိုသူငယ်ချင်းအိမ်ကို သူမသွားသင့်ပါ။ ဘာကြောင့် လည်းဆိုတော့ ထိုသူငယ်ချင်းဇနီးဟာ သူရဲ့ ချစ်သူ ဖြစ်ခဲ့ဖူးသော ကြောင့် ဖြစ်သည်။

သစ်တောက်ငှက် ခေါက်သံတွေ တဒေါက်ဒေါက် ကြားနေရတဲ့၊ ကြက်တူရွေးအုပ်တွေ တဝှီးတဝှီးပျံသန်းနေတဲ့၊ အင်ရွက်တွေ တဖြုတ်ဖြုတ်ကြွေနေတဲ့ ရွှေတူးစခန်းတစ်ခုမှာ ပဲ ထိုသူငယ်ချင်းနှင့် ဆုံ ဖြစ်သည်။ ထိုတုန်းက ထိုမိန်းမဟာ သူရဲ့ ချစ်သူ ဖြစ်ခဲ့သော်လည်း အခုတော့ မိတ်ဆွေရဲ့ ဇနီး ဖြစ်နေခဲ့ပါပြီ။

အင်တောကြီးထဲ လရောင် တက်လာသည့် ညတွေ မှာ သူ့ကို ဂစ်တာခေါက်ပြီး သီချင်းဆိုပြတတ်သည့်၊ သူ့အဝတ်တွေ ကို လျှော်ဖွတ်ပြီး မီးပူထိုးပေးတတ်သည့် ထို ချစ်သူမိန်းမဟာ သူ့ဖက်က အမှား ကြောင့် ပဲ လွမ်းလွမ်း ဆွတ်ဆွတ် ကွဲကွာခဲ့ရတာ ...။

“နှုတ်မဆက်နဲ့ ငါ့ကို နင်ကလေး ပစ်သွားခဲ့ပါရင် လွမ်းလည်းမလွမ်းချင်ဘူး ငါ့မျက်ရည်မကျချင်ဘူး” ဆို သည့် သူမသီချင်းသံတွေ ဟာ အင်တောတွေ ပတ်လည်ဝိုင်းနေသည့် ရွှေတူးစခန်းမှာ တကယ်ပဲရှိခဲ့ဖူးတာပါ။ အခုတော့လည်း ချစ်သူထိုမိန်းမဟာ သူငယ်ချင်း၏ ဇနီးကောင်းအ ဖြစ် အသားကျနေခဲ့ပြန်ပါသည်။

“ ခင်ဗျားနဲ့ ဘာပဲ ဖြစ် ဖြစ် ကျုပ်ကို လွှဲပြောင်းပုံစံမှာ လက်မှတ်ထိုးပြီးလွှဲပေးခဲ့ ” ဆိုသည့်စွတ်နောက်နောက် သူငယ်ချင်းကို-

“ ချစ်သူဘဝ နမ်းရှုံ့ခဲ့ဖူးကလွဲရင် သူ့ကို ကျွန်တော် ဘာမှမလုပ်ခဲ့ဖူးဆိုတာ ခင်ဗျားယုံပါ။ နောက်ကျရင် ခင်ဗျား သူ့အပေါ် ကျွန်တော် နဲ့ပတ်သက်ပြီး စိတ်ကွက်မှာ စိုးလို့ပါ ” ဟုသူပြန်ပြော ဖြစ်ခဲ့သည်။

ဘာပဲ ဖြစ် ဖြစ် မိန်းမ တစ်ယောက် ကို တရှိုက်မက်မက် နမ်းရှုံ့ခဲ့ပြီးမှ မယူ ဖြစ်ခဲ့သည့် ယောကျ်ား တစ်ယောက် ရဲ့ တန်ဖိုးကတော့ ဘယ်လောက်ရှိမှာ ပါလဲ။

သည့်နောက်ပိုင်းမှာ တော့ သူငယ်ချင်းနှင့် သူမ လက်ထပ် ဖြစ်ကြပြီး သူလည်း မြို့ ကို ရောက်လာခဲ့ရသည်။ အခုတော့လည်း မြို့ ပေါ်မှာ သူငယ်ချင်းတို့မိသားစုပါ ရောက်နေခဲ့ပါပြီ။ မသွားသင့်မှန်းသိပေမယ့် ထိုညမှာ ပင် သူငယ်ချင်းရဲ့ အိမ်ကို သူရောက်သွားခဲ့သည်။ သူငယ်ချင်းက သူတို့သုံးယောက် ဆုံကြသည့်အနေနှင့် စားသောက် ဆိုင် တစ်ခုခုမှာ သွားစားကြဖို့ပြောသည်။ သူမ ကတော့ ယောကျ်ား ဖြစ်သူ အရက်သောက်ထားတာကို စိတ်ဆိုးနေ သည်ဆိုသည့် အကြောင်းပြပြီး နေရစ်ခဲ့ပါသည်။

အခုအခါမှာ သူငယ်ချင်း ဖြစ်သူရဲ့ စိတ်ချမ်းသာမှု ကိုသာ သူအလိုလားဆုံး ဖြစ်ပေမယ့် သူမကို လိုက်လာ စေချင်စိတ်က မသိမသာ ရှိသွားခဲ့ပြန်၏ ။

ဒါဟာ လူမသိအောင် ကျိုး ပေါက်သွားသည့် သူ၏ တန်ဖိုးမဲ့မှု ပဲပေါ့…။

တိုက်တိုက်ဆိုင်ဆိုင် ထိုညက အရက်ဝိုင်းမှာ သူငယ်ချင်း ဖြစ်သူက “ လူ တစ်ယောက် ရဲ့ တန်ဖိုးကို ခင်ဗျား ဘာနဲ့သတ်မှတ်မှာ လဲ ” ဟုသူ့အား မေးခွန်းထုတ်၏ ။

“ စာရေး ဆရာဆိုတော့ ခင်ဗျားက အနီးစပ်ဆုံး ပြောနိုင်မှာ မို့ပါ ” ဟုဆို၏ ။

“ လူတွေ ရဲ့ ဖောက်ပြန်ပျက်စီးမှု ကို သဘာဝ ပဲဆိုတဲ့စကားနဲ့ ချေဖျက်တာတော့ လက်မခံနိုင်ဘူး” ဟုလည်း ဆို၏ ။

သူငယ်ချင်းက သူ့မိသားစုအတွင်းမှာ ပညာအနိမ့်ဆုံး ဖြစ်ပေမယ့် အရိုးသားဆုံး ဖြစ်သည်ကို သူသိနေသည်။ သူ့အစ်ကိုတွေ ၊ သူ့ညီတွေ သူ့ညီမတွေ က ဂုဏ်တွေ ၊ဒြပ်တွေ ကို မက်ပေမယ့် သူက မမက်သူ ဖြစ်၏ ။ သူစိတ်မတွေ့ လျှင် ဘယ်သူဘာပြောပြော သူလုပ်ချင်ရာလုပ်သူ ဖြစ်၏ ။ ရောဂါ လည်းရှိ၊ အရက်လည်းသောက်ပေမယ့် သေမင်း က သူ့ကို လက်မခံသူလည်း ဖြစ်သည်။

သူဟာ ဘယ်တော့မှ ငြီးငြူတတ်သူ၊ သူ့အတွင်းရေး ကို ဖွင့်မပြောတတ်သလို သူများ အတွင်းရေး ကိုလည်း စပ်စုတတ်သူ မဟုတ်ခဲ့ပေမယ့် ထိုညမှာ တော့ သူ၏ ခံစားနေရမှု များ ဟာ ပွင့်အံ့ထွက်ကျလာခဲ့သည်။

“ကျုပ်ဟာ ဘွဲ့မရတာ တစ်ခုနဲ့ အရက်သောက်တာ တစ်ခုကလွဲရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ပါဘူး အခု ပညာတတ်တယ်၊ ဂုဏ်ရှိတယ်ဆိုတဲ့ လူတွေ လုပ်မှ ကျုပ်အဖေနဲ့ အမေဟာ အိုကြီးအိုမနဲ့ အရှက်လည်းရ၊ ငွေလည်းကုန် ရတယ်။ လူ့တန်ဖိုးဆိုတာ ဘာလဲဗျာ” ဟု သူငယ်ချင်းက ဆို၏ ။

ထိုအခါမှပဲ သူငယ်ချင်းကိုမေးဖို့ အားနာခဲ့သည့် ကိစ္စကို သူသတိရမိသည်။ တလောကပဲ သူငယ်ချင်းရဲ့ ပညာတတ်၊ ဂုဏ်ရှိ၊ ငွေရှိ အစ်ကို တစ်ယောက် ဟာ ဌာနဆိုင်ရာငွေတွေ ကို အလွဲသုံးစားလုပ်လို့ အချုပ်ခံရတဲ့ အကြောင်း သူသိထားသော ကြောင့် ဖြစ်သည်။ ထိုအစ်ကိုဟာ သူငယ်ချင်းသူ့ညီကို ဘယ်တုန်းကမှ အထင်မကြီး သူလည်း ဖြစ်သည်။ အခုတော့လည်း သူ့ရဲ့ အမည်းစက်တွေ ဟာ မဆီမဆိုင် သူ့မိသားစုဝန်းကျင်မှာ ပါ စွန်းထင်းညစ် ထေးပေကျံနေလိုက်တာ...။

ညစာစားပြီးအပြန်မှာ တော့ သူငယ်ချင်းနှင့် လမ်းခွဲပြီး သူတို့မြို့ သစ်ဖက်သို့ သွားရာ ကားပေါ်ကို သူတက် လာခဲ့၏ ။ ကားပေါ်ရောက်တော့ သတ်မှတ်ခထက်

ငါးကျပ်ပိုတောင်းတဲ့ ကားသမားနှင့် မခံနိုင်တဲ့ ခရီးသည် တစ်ယောက် စကားများ နေကြပြန်၏ ။ ထိုကားသမားဟာ ငွေငါးကျပ်လောက်သာ တန်ဖိုးရှိသော ကားသမား ပဲ ဖြစ်မည် ထင်သည်။

လူတွေ ဟာ ဘာကြောင့် မို့လို့ စာမူခသုံးလေးရာစာ၊ လက်ဖက်ရည်တစ်ခွက်စာ၊ ငွေငါးကျပ်စာလောက်သာ တန်ဖိုးကျလာတာပါလိမ့်။

စဉ်းစားရင်းမှာ ပဲ ကွမ်းတံတွေ းကို ပြူတင်းပေါက်မှ ပြစ်ကနဲ သူထွေးချလိုက်၏ ကားကအရှိန်နှင့် မောင်း နေသည်မို့ သူထွေးလိုက်တဲ့ ကွမ်းတံတွေ းဟာ ကားပေါ်မှာ အတူစီးလာသူ မိန်းမ တစ်ယောက် ကို သွားစင်ခဲ့သည်။ ထိုမိန်းမက ကွမ်းတံတွေ းကို သုတ်ပြစ်ရင်း သူ့ကို လှမ်းဆဲနေသည်။

ထိုအခါမှပဲ ကွမ်းယာတစ်ယာလောက်သာ တန်ဖိုးရှိသော သူ့အ ဖြစ်ကို သူပြန်မြင်သွားသည်။

လူ တစ်ယောက် ရဲ့ တန်ဖိုးမဲ့မှု ဟာ သူ့ကိုယ်၌ သာမက သူ့ပတ်ဝန်းကျင်ကိုပါ အစွန်းအထင်း ဖြစ်နိုင်ကြောင်း စဉ်းစားမိသည့် အခါမှာ တော့…။